# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၅၅)၊ ၁၃၈၇ ခုနှစ် ၊ တပို့တွဲလဆန်း ၆ ရက် ၊ ၂၃-၁-၂၀၂၆၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး၊ Army Operation Center ၊ Neighboring Countries Coordination Center (NCCC)ဌာန၏ အကြီးအကဲ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၂

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး၊ Army Operation Center၊ Neighboring Countries Coordination Center (NCCC) ဌာန၏ အကြီးအကဲ General Direk Bongkarn ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညွှန့်ဝင်းဆွေနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး၊ (NCCC)ဌာန၏ အကြီးအကဲနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်ကြည်းတပ်စစ်သံမှူး Senior Colonel Pongphan Puttha နှင့် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံးနှင့် (NCCC)ဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်အကြီးအကဲများ၏ဦးဆောင်မှုဖြင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးကောင်းမွန်လျက်ရှိပြီး ချစ်ကြည်ရင်းနှီးမှုများ စာမျက်နှာ ၃ သို့ ◆



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး၊ Army Operation Center ၊ Neighboring Countries Coordination Center (NCCC)ဌာန၏ အကြီးအကဲ General Direk Bongkarn ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၂၂

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက်ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်၊ သောကြာနေ့။
မန္တလေး

# စကားကို ပြေပြေပြစ်ပြစ် ချိုချိုသာသာ ပြောဆိုရမည်

လူ့ဘဝတွင် အောင်မြင်လိုသူဖြစ်စေ၊ ပညာရှာလိုသူဖြစ်စေ၊ ဥစ္စာငွေကြေးရှာလိုသူဖြစ်စေ စား၊ သောက်၊ သွား၊ လာ၊ နေထိုင်ပြောဆိုရာ၌ အရာရာ ဆင်ခြင်သတိ အမြဲရှိရမည်ဖြစ်ပြီး စကားပြောဆိုရာတွင်လည်း မိမိ၏စကားတစ်ခွန်းမှာ တန်ဖိုးရှိရန်လိုအပ်ပါသည်။ သတိရှိသူသည် အလွဲ၊ အမှားကင်းမည်ဖြစ်သည်။ လိုရာကိစ္စအဝဝနှင့် လိုရာခရီးအပြီးတိုင် ဆောင်ရွက်လျှောက်လှမ်းနိုင်မည်ဖြစ်သည်။ “စကားတို့၏ အချုပ်သည် ကတိ” “တရားတို့၏ အချုပ်သည် သတိ”ဟူ၍ ဆိုခဲ့ဖူးသည်။ လူသားတို့အတွက် သာမန်ကိစ္စကိုမဆိုထားနှင့် လောကုတ္တရာ၏ အကျိုးအတွက် အကြောင်းခံတရားများကိုပင် သတိက ထိန်းချုပ်ပေးနိုင်ကြောင်း ထင်ရှားပါသည်။ ထို့အပြင် မိမိနှင့် မသက်ဆိုင်သောအကြောင်းအရာများကို ဝင်ပါဆွေးနွေးခြင်းမပြုဘဲ ရှောင်ကြဉ်သင့်ပါသည်။ တန်ရာတန်ရာကိုသာ ပြောရမည်ဖြစ်သည်။ အရှိကို အရှိအတိုင်း ပြောရမည်ဖြစ်သည်။ ပိုမပြောရ၊ ညာမပြောရ၊ ကွားဝါ၍ မပြောကြရပါ။ စကားကိုလည်း ချက်ချက်ချာချာ သွက်သွက်လက်လက် ပြောတတ်ရန် လိုအပ်မည်ဖြစ်သည်။ သို့ရာတွင် တစ်ပါးသူ၏ ချို့ယွင်းချက်၊ ပျော့ကွက်များကို ဖိနှင်း၍မပြောသင့်ပါ။ မိမိစကားကြောင့်သူတစ်ပါးကို နာကျင်ထိခိုက်မသွားသင့်ပါ။ စကားပြောဆိုရာတွင် ရှောင်ကြဉ်ရမည့် အကျင့်စရိုက်များရှိပါသည်။ လူတစ်ယောက်အပေါ် အခြားလူတစ်ယောက်က အထင်သေးသွားအောင်၊ ဒေါသထွက်လာအောင်၊ ရန်လိုလာအောင်၊ လေးစားမှု လျော့ပါးအောင် လှုံ့ဆော်ပြောခြင်းဖြစ်သည်။

စကားကို ပြေပြေပြစ်ပြစ် ချိုချိုသာသာပြောကြရန်အတွက် “တစ်ယောက်စကား တစ်ယောက်နားမှာ၊ မခါးရအောင် သတိဆောင်၍ မောင်တို့ဆိုလေ၊ ပျားသကာသို့၊ ချိုလှစေ” ဟူ၍ အင်းဝခေတ်စာဆိုတော် ရှင်မဟာရဋ္ဌသာရက ဆုံးမလမ်းညွှန်ထားသည်။ စကားသည် ပြေပြစ်ခြင်းမှာ ချောမွေ့ခြင်းပင်ဖြစ်သည်။ လူမှုဆက်ဆံရေး နယ်ပယ်တွင် ဤအချက်မှာ အထူးသတိထားရန်လိုသည်။ မိမိတို့နှုတ်ဖျားတွင် ထာဝစဉ်ထားသင့်သော စကားတစ်မျိုးရှိပါသည်။ ယင်းမှာ “ကျေးဇူးတင်ပါတယ်”ဟူ၍ဖြစ်သည်။ အနန္တော အနန္တ ငါးပါးမှစ၍ မိမိအတွက် အကျိုးတစ်စုံတစ်ရာရရှိအောင် ကူညီဖေးမ ဆောင်ရွက်သူအားလုံးသည် မိမိ၏ကျေးဇူးရှင်များဖြစ်ပါသည်။ ကျေးဇူးရှိသူကို ကျေးဇူးတင်ကြောင်းပြောရန် ဝန်မလေးသင့်ပါ။ ထို့ကြောင့် နှစ်လိုဖွယ် ထိုစကားဖြင့် နှုတ်ဖျားတွင် အစဉ်ခြယ်သထားသင့်ပါသည်။ ပါးစပ်တွင် ပါးစပ်စည်းကမ်းရှိပါသည်။ ပြောသင့်သည့်စကား၊ မပြောသင့်သည့်စကားဟူသော လူမှုရေးကန့်သတ်ချက်ကို လိုက်နာရမည်ဖြစ်သည်။ ပြောချင်တိုင်း မပြောသင့်ပါ။ ပြောခွင့်ရှိတိုင်း မပြောသင့်ပါ။ “နှုတ်ကြောင့်သေ လက်ကြောင့်ကြေ” ဟု ဆိုရိုးရှိပါသည်။ မိမိနှုတ်မှ စည်းမစောင့်ဘဲ ပြောမိသဖြင့် ကြီးမားသော ပြဿနာများ ဖြစ်ပွားတတ်ပါသည်။ စကားပြောဆိုရာတွင် ယုတ္တိရှိရှိ ပြောတတ်ရန်လည်းလိုပါသည်။ အချို့ လူတို့သည် အခြေအမြစ်မရှိသော စကားကို ပြောတတ်ကြသည်။ အချို့လူတို့က စကားကိုချဲ့ကား၍ တစ်စိတ်ကို တစ်အိတ်လုပ်ကာ ပြောတတ်ကြသည်။ အချို့လူများက ကောလာဟလ သတင်းလွှင့်တတ်ကြသည်။

သို့ဖြစ်ရာ နှုတ်ခွန်းချိုသာခြင်းသည် သမ္မဝါစာကောင်းသော စကားဆိုခြင်းဟု ဘုရားက ဟောတော်မူထားသည်။ လူတိုင်းလူတိုင်း စကားပြောဆိုရာတွင် အချိုကြိုက်ကြစမြဲဖြစ်ရာ ပြေပြေပြစ်ပြစ် ချိုချိုသာသာပြောကြရန် လိုအပ်မည်ဖြစ်သည်။ လူမှုဆက်ဆံရေးနယ်ပယ်၌ အရေးပါလှသော စကားကို မိမိတို့၏နှုတ်ဖျားတွင် အကျိုးရှိအောင် ပြောဆိုခြင်း၊ နှစ်လိုဖွယ်စကားပြောခြင်း၊ ပျော်ရွှင်စွာ ပြောခြင်း၊ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုနေထိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ ( ၁ )နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| အမည် | ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး |
| --- | --- |
| (က) ဒေါက်တာ သန္တာကြည် | ရာထူး၊ ဌာန ညွှန်ကြားရေးမှူးချုပ် စိမံကိန်းဦးစီးဌာန စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ( ခ ) ဦးမျိုးကျော်သူ | ညွှန်ကြားရေးမှူးချုပ် ဝန်ကြီးရုံး အားကစားနှင့်လူငယ် ရေးရာဝန်ကြီးဌာန |

၂။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ကြံခင်းရွာဦးကျောင်းတိုက်၏ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ

**ပုသိမ်ကြီး ဇန်နဝါရီ ၂၂**


မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ပေါက်မြိုင်ကျေးရွာအုပ်စု၊ ကြံခင်းကျေးရွာရှိ ကြံခင်းရွာဦးကျောင်းတိုက်၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ ကြံခင်းရွာဦးကျောင်းတိုက် ဦးစီးပဓာန မဟာနာယက ဗုဒ္ဓသာသနာပြုဆရာတော် ဘဒ္ဒန္တတိက္ခာစာရ အမှူးပြုသော သံဃာတော်များနှင့် ပင့်သံဃာတော်အပါး ၁၆၀ ကြွရောက်ချီးမြှင့်ပြီး ဝေယျာဝစ္စ လူငယ်မောင်မယ်များ၊ ဆွမ်း၊ သပိတ်၊ သင်္ကန်းလှူဖွယ်ဝတ္ထု ကုသိုလ်ရှင်များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားကို “နမော တဿ”သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး ကြံခင်းရွာဦးကျောင်းတိုက် ဦးစီးပဓာန မဟာနာယက ဗုဒ္ဓသာသနာပြုဆရာတော်ထံမှ အလှူရှင် ဒါယကာ၊ ဒါယိကာမများနှင့် ဝေယျာဝစ္စ လူငယ်မောင်မယ်များက သီလခံယူဆောက်တည်၍ လှူဒါန်းမှုအတွက် ရေစက်သွန်းချ အနုမောဒနာတရား နာယူကာ အမျှပေးဝေကြသည်။

ဆက်လက်၍ ကြံခင်းရွာဦးကျောင်းတိုက်၏ ဗုဒ္ဓပူဇနီယ သံဃာ့ဒါနဆွမ်း၊ သပိတ်၊ သင်္ကန်းနှင့် နဝကမ္မဝတ္ထု လှူဖွယ်ပစ္စည်း အစုစုတို့ကို စာရေးတံမဲနှင့်တကွ သံဃာတော် အပါး ၁၆၀ တို့အား ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။

**(အောက်ပုံ) (၀၄၃)**



# သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

# ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၂၇လမ်း၊ ၇၇လမ်းနှင့် ၇၈လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။ **(အောက်ပုံ)**




သက်သာဈေးရောင်းချမည့် အစီအစဉ်များမှာ ဇန်နဝါရီ ၂၃ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အိုးဘိုရပ်ကွက်၊ ၁လမ်း၊ ၇၅လမ်းနှင့် ၇၆လမ်းကြားနှင့် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတို့တွင် ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

◆ ရှေ့ဖုံးမှ

တိုးတက်လျက်ရှိသည့် အခြေအနေများနှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား သဘောတူညီချက်များအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်နေစေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများ၊ နှစ်နိုင်ငံကုန်သွယ်မှု၊ ကုန်စည်စီးဆင်းမှုများပြန်လည်ကောင်းမွန်ရေးအတွက် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်း၍ ထိန်းသိမ်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုများနှင့် တရားမဝင်လုပ်ငန်းများ လုပ်ကိုင်မှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများ၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ တစ်ကျော့ပြန် မပေါ်ပေါက်လာစေရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် နှစ်နိုင်ငံသတင်းအချက်အလက်များ ဖလှယ်ခြင်းများအပါအဝင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၁) နှင့်အပိုင်း(၂)ကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် အခြေအနေများနှင့် လာမည့်ဇန်နဝါရီ ၂၅ ရက်နေ့တွင်အပိုင်း(၃)ကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး၊ Army Operation Center ၊ Neighboring Countries Coordination Center (NCCC) ဌာန၏ အကြီးအကဲ General Direk Bongkarn တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး၊ (NCCC) ဌာန၏ အကြီးအကဲတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**“နှစ်နိုင်ငံကုန်သွယ်မှု၊ ကုန်စည်စီးဆင်းမှုများ ပြန်လည်ကောင်းမွန်ရေးအတွက် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးကို နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်း၍ ထိန်းသိမ်းဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့် နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုများနှင့် တရားမဝင်လုပ်ငန်းများ လုပ်ကိုင်မှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများ၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ တစ်ကျော့ပြန် မပေါ်ပေါက်လာစေရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေး”**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



နေပြည်တော် ဇန်နဝါရီ ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီး မစ္စတာတာရိခ်ကာရီးမ် အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်



# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၂

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် EV Power Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD E2 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Golden Mandalar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD E2 နှင့် BYD Seal အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Myanmar Arr Thit Man Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Changan Eado နှင့် Changan Deepal S07 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

**သရက် ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန် နေ့ မွန်းလွဲ ၁ နာရီက အမှတ်(၁)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ကျင်းပခဲ့သည်။ (ယာပုံ)

အဆိုပါ အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်က ‘အောင်မြင်ချင်ရင် ကိုယ်တိုင်ကြိုးစားရမည်’ ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ထက်နန္ဒာထွန်းက ပလတ်စတစ်ညစ်ညမ်းမှုနှင့် စနစ်တကျ အမှိုက်စွန့်ပစ်ခြင်း အကြောင်းအရာများကို ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေဖြိုးအောင်က မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်ပုံအဆင့်ဆင့် ကို ပြောကြားခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နော်ဖော်ဝါးက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာများကို ပြောကြားခဲ့သည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြထွေးက မီးဘေးအန္တရာယ်ဆိုင်ရာများကို အသိပညာပေး ဟောပြောပေးခဲ့သည်။

အခမ်းအနားအပြီးတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက လှပသာယာ ပြည်မြန်မာ နံရံကပ်ဓာတ်ပုံများအား ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



**၂၂ - ၁ - ၂၀၂၆ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၆၀၀၀၀၀၀) ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ (၁၈)ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အရှင်မြတ်တစ်ပါး ပေါ်ထွန်းတော်မူခြင်း

နေပြည်တော် ဇန်နဝါရီ ၂၂

(၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်အထိ ၃၃ ရက်တိုင်တိုင် အောင်မြင်စွာ ကျင်းပဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်သည်။

(၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် အရှင်ဝိစိတ္တသာရ၊ သက်တော် ၅၁ နှစ်၊ သိက္ခာ ၃၁ ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသည် တိပိဋကဓရ တိပိဋကကောဝိဒ (၁၈)ပါးမြောက် သာသနာ့အာဇာနည် ဆရာတော်အဖြစ် ပေါ်ထွန်းတော်မူခဲ့သည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၃၁၀ ပြည့်နှစ်(၁၉၄၈ ခုနှစ်)တွင် စတင်ကျင်းပခဲ့ရာ ယခုအချိန်အထိ (၇၈)ကြိမ်မြောက် ကျင်းပခဲ့ပြီးဖြစ်သည်။ ပထမအကြိမ်မှ (၇၇)ကြိမ်အထိ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော် (၁၇)ပါး ပေါ်ထွန်းခဲ့ပြီး (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် (၁၇)ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ပေါ်ထွန်းခဲ့ပြီးနောက် နှစ်မခြားဘဲ ယခုနှစ် ၁၃၈၇ ခုနှစ် (၂၀၂၆ ခုနှစ်) (၇၈) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် (၁၈)ပါးမြောက်အဖြစ် တိပိဋကဓရ တိပိဋက ကောဝိဒ ဆရာတော်တစ်ပါး ထပ်မံပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးတွင် ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်း၊ ဝိနယပိဋက ဝိနည်းဒုတိယပိုင်း သုံးကျမ်း၊ သုတ္တန္တပိဋက ဒီဃနိကာယ်သုံးကျမ်း၊ အဘိဓမ္မပိဋက အဘိဓမ္မာပထမပိုင်း ငါးကျမ်းနှင့် အဘိဓမ္မပိဋက အဘိဓမ္မာဒုတိယပိုင်း နှစ်ကျမ်းတို့ကို "တိပိဋကဓရ" ဘွဲ့အတွက် အာဂုံပြန်ဆိုရပြီး "တိပိဋကကောဝိဒ" ဘွဲ့အတွက် သဘောရေးဖြေစာမေးပွဲဖြေဆိုရကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်မှ အဘိဓမ္မကောဝိဒဘွဲ့နှင့် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ကိုခံယူတော်မူမည့် အရှင်ဝိစိတ္တသာရ (ဒီပဲယင်းတိပိဋကဆရာတော်)၏ ထေရုပ္ပတ္တိအကျဉ်း

### ဖွားရာဇာတိနှင့်ဖွားသက္ကရာဇ်

အရှင်ဝိစိတ္တသာရသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ဝန်းရုံကျေးရွာ ခမည်းတော် ဦးငွေး+ မယ်တော် ဒေါ်ကြင်နီတို့မှ ၁၃၃၆ ခုနှစ် ကဆုန်လပြည့်ကျော်(၁၀)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

### ဥပသမ္ပဒမင်္ဂလာ

အရှင်ဝိစိတ္တသာရသည် ၁၃၅၆ ခုနှစ် တန်ဆောင်မုန်းလဆန်း (၈)ရက်နေ့တွင် ရေဦးမြို့နယ်၊ တင်းတိန်ရုံစျေး၊ ဓမ္မိကာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကေသရိန္ဒာဘိဝံသကို ဥပဇ္ဈာယ်ပြုလျက် ဦးငွေးသောင် + ဒေါ်တင်စုမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပြီး ကျေးဇူးရှင် မိဘနှစ်ပါး မိသားစု၊ ဦးအောင်ငွေး + ဒေါ်လေးနီ မိသားစု၊ နောင်ချိုမြို့နေ ဒေါက်တာ မြင့်ကြွယ် + ဒေါ်အေးအေးသိန်း မိသားစု၊ ဒေါ်မူမူစန်း၊ ဒေါ်ကြူကြူသန်း (ရွှေမင်းသမီးရှော့ပင်းစင်တာ) မိသားစု၊ ပြည်မြို့၊ ဦးစန်းမြင့်+ဒေါ်အေးပိုမိသားစု၊ သုံးခွမြို့၊ ဦးတင်ဝင်း+အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ကြည်(ဆန်းကိုကိုဘီစကစ်) မိသားစု၊ ရန်ကုန်မြို့၊ ဦးလွင်မြင့်+ဒေါ်ရီရီထွေး မိသားစု၊ မိုးကုတ်မြို့ ပန်းမရပ်နေ ကိုလှမျိုးသန့်+မဥမ္မာချို (ရွှေသရဖူ)မိသားစု၊ သုဝဏ္ဏ၊ ဦးအောင်ဆန်းဝင်း+ ဒေါ်စန်းယုမော် (ဆန်းကိုကိုဘီစကစ်) မိသားစု၊ ရန်ကုန်မြို့ ဦးသန်းကျော်ထူး + ဒေါ်သက်ထားတင် (ငွေကုံ့ကော်ရွှေဆိုင်) မိသားစု၊ နေပြည်တော် ဦးကြင်စိန် + အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နီနီအေး၊ ကိုဂင်ထက်နိုင် + သမီး မမော်လီလင်း (တဖထရေးဒင်းကုမ္ပဏီ) လမ်းမတော်မြို့၊ ဦးမိန်တက်+ ဒေါ်သန်းသန်းမော် (မေလင်းအင်ဂျိုင်းသရီး ဂိုးစတားကုမ္ပဏီ) မိသားစု၊ ရန်ကုန်မြို့ ဦးဆင်ကျော်+ ဒေါ်ခင်မျိုးကြွေ မိသားစု၊ ယုဇနဥယျာဉ်မြို့တော် ဦးမောင်ကျေး+ ဒေါ်ချိုချိုပြုံး မိသားစု၊ တာမွေမြို့နယ်၊ မွန်မြတ်မေတ္တာအိမ်ရာနေ ဦးလှထွန်း+ ဒေါ်လှ မိသားစု၊ ခရမ်းမြို့ ကိုကျော်စွာမင်း+ မအေးအေးနိုင် (မင်းဘုန်းရွှေကုမ္ပဏီ) မိသားစု၊ ရန်ကုန်မြို့နေ ဒေါ်ချို မိသားစု၊ တောင်ကြီးမြို့နေ ဒေါ်ချောစုလှိုင်၊ သားသမီးများမိသားစု၊ တောင်ဥက္ကလာပမြို့နေ ဦးခိုင်ဇော်လင်း + ဒေါ်ဝါဝါဝင်းတို့ကိုအမှူးထား၍ ဒေါ်ထက်ယမင်းခိုင် (ယမင်းဂျပန်စာသင်တန်းကျောင်း) မိသားစု၊ ရန်ကုန်မြို့နေ ဒေါ်ခင်သီတာနှင့် မောင်နှမတစ်စု (မိုးဦးပန်း ပရိဘောဂ)၊ တာမွေမြို့နေ ဦးသိန်းအောင်နှင့် သားသမီးများ၊ ကဝမြို့နယ်၊ ဈေးဖလုံကျေးရွာ၊ ကိုငွေးလင်း+ မသီသီအောင် မိသားစု၊ ပဲခူးမြို့နေ ဦးသောင်းဝင်း + ဒေါ်သန်းကြွယ် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ သိက္ခာထပ် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။



### ကျေးဇူးရှင်ဆရာတော်ကြီးများ

ဒီပဲယင်းမြို့နယ် ဝန်းရုံကျောင်း ငယ်ဆရာတော် ဘဒ္ဒန္တဇောတိက၊ အနန္တဂုဏ်ရည်ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာ၊ တောင်ငူမြို့ ဝိသုဒ္ဓါရုံမြို့ထောင့်ကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမဝံသနှင့် စာချဆရာတော်များ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်မဟာနာယကဆရာတော် ဘဒ္ဒန္တဩမာဝီရာဘိဝံသ၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက စည်ရှင်ဆရာတော် ဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသနှင့် စာချဆရာတော်များ၊ မန္တလေးမြို့ ဓမ္မမာနိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တမာနိတာဘိဝံသ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် အတုလဂုဏ်ရည်ကျောင်းဆရာတော် ဘဒ္ဒန္တဩဒါတသိရီဘိဝံသ၊ နောင်ချိုမြို့ ကတီပင်ကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမ၊ ရွှေပြည်သာမြို့နယ် သာစုကန်ကျောင်းဆရာတော် ဘဒ္ဒန္တတေဇိန္ဒ၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဓမ္မဝိနယရုံသီကျောင်းဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ ရန်ကုန်မြို့ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသနှင့် ပိဋကတ်နှစ်ပုံခွဲဆောင် ဘဒ္ဒန္တဩဘာသာဘိဝံသတို့ဖြစ်ပါသည်။

### အမြင့်ဆုံးအောင်မြင်ခဲ့သော စာမေးပွဲများ

သာသနဓဇဓမ္မာစရိယဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ ဒီဃနိကာယဝိဒူဘွဲ့၊ မဇ္ဈိမနိကာယဝိဒူဘွဲ့၊ အဘိဓမ္မဝိဒူ ဘွဲ့(၁) အဘိဓမ္မ ဝိဒူဘွဲ့(၂) နိကာယဝုမိ သမိတိ ဝိနယကောဝိဒဘွဲ့၊ နိကာယုဇ္ဈောတက ဓမ္မတ္ထဝိသာရဒ ဒီဃဘာဏကဘွဲ့၊ နိကာယုဇ္ဈောတက ဒီဃနိကာယ ဓမ္မာစရိယဘွဲ့၊ နိကာယုဇ္ဈောတကအတ္ထဝိသာရဒ မူလအာဘိဓမ္မိကဘွဲ့၊ နိကာယုဇ္ဈောတကမဇ္ဈိမဘာဂဓမ္မာစရိယဘွဲ့၊ နိကာယုဇ္ဈောတက မဇ္ဈိမအာဘိဓမ္မိက ဘာဏကဘွဲ့တို့ကိုရရှိခဲ့ပြီး တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲတွင် ၁၃၆၃ ခုနှစ် ဥဘတောဝိဘင်္ဂဓရဘွဲ့၊ ၁၃၆၅ ခုနှစ် ဝိနယဓရဘွဲ့၊ ၁၃၆၇ ခုနှစ် ဥဘတောဝိဘင်္ဂကောဝိဒဘွဲ့၊ ၁၃၆၈ ခုနှစ် ဝိနယကောဝိဒဘွဲ့၊ ၁၃၆၉ခုနှစ် ဒီဃဘာဏကဘွဲ့၊ ၁၃၇၁ ခုနှစ် ဒီဃနိကာယကောဝိဒဘွဲ့၊ ၁၃၇၂ ခုနှစ် မူလအာဘိဓမ္မိကဘွဲ့၊ ၁၃၇၄ ခုနှစ် မူလအဘိဓမ္မကောဝိဒဘွဲ့၊ ၁၃၇၆ ခုနှစ် အာဘိဓမ္မိကဘွဲ့၊ တိပိဋကဓရဘွဲ့တို့ဖြစ်ပါသည်။

### အဘိဓမ္မကောဝိဒဘွဲ့တံဆိပ်တော်

ယခုနှစ်( ၇၈ ) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် အဘိဓမ္မပိဋက၊ အဘိဓမ္မာ (ဒုတိယပိုင်း)နှစ်ကျမ်း သဘောရေးဖြေကို ဖြေဆိုအောင်မြင်တော်မူသောကြောင့် အဘိဓမ္မကောဝိဒဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ခံယူရရှိတော်မူမည်ဖြစ်ပါသည်။

### တိပိဋကဓရ၊ တိပိဋကကောဝိဒဘွဲ့ တံဆိပ်တော်

ယခုအခါ အရှင်ဝိစိတ္တသာရသည် သင်ရိုးပိဋကသုံးပုံကို အာဂုံပြန်ဆိုနှင့် သဘောရေးဖြေပါအောင်မြင်တော်မူပြီးဖြစ်သဖြင့် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်တော် အရိုးဝါ ကနက္ကဒဏ်ထီးဖြူတော် သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်များနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော ကုန်း၊ ရေ၊ လေ၊ သုံးဌာန အခမဲ့ အထက်တန်းခရီးသွားလက်မှတ် (ရာသက်ပန်)တပည့်နှစ်ဦးအပါအဝင် ဆွမ်းဆန်တော်စသည်တို့ကို အလှူခံရရှိတော်မူမည်ဖြစ်ပါသည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၂၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

### ဖမ်းဆီးထိန်းသိမ်း

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇန်နဝါရီ ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Aung Aung" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ထုံးကြီးကျေးရွာနေ ပြည့်ဖြိုးပိုင်အား မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင်လည်းကောင်း၊ "ZarNi Thway" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် သစ်တောရပ်ကွက်နေ ဇာနည်သွေးအား ညနေ ၄ နာရီ ၁၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦးအား ယနေ့ မွန်းလွဲ ၁ နာရီက မီးဘေးလုံခြုံရေးနှင့် မီးသတ်ဆေးဘူးအသုံးပြုခြင်းနည်းစနစ်များအား ဒုတိယမီးသတ်ဦးစီးမှူး ဦးမင်းကျော်ဟိန်းနှင့် တပ်ဖွဲ့ဝင်များက အသိပညာပေးဟောပြောစဉ်။ (ဝ၄ဝ)

# တိပိဋကဓရ တိပိဋကကောဝိဒ သဘောရေးဖြေအရှင်မြတ်များ၏ အောင်စာရင်းထုတ်ပြန်

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း (၅)ရက် (ကြာသပတေးနေ့) ၂၂-၁-၂၀၂၆ ရက်၊ နံနက် ၀၈ ၀၀ နာရီအချိန်တွင် ကျင်းပသော တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး ဩဝါဒါစရိယဆရာတော်ကြီးများနှင့် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ နှစ်ဖွဲ့ပေါင်း (၂/၇၈)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ သဘောရေးဖြေအရှင်မြတ်များ၏ အောင်စာရင်းကို ထုတ်ပြန်လိုက်သည်-

သဘောရေးဖြေအောင်စာရင်း

အဘိဓမ္မပိဋက၊ အဘိဓမ္မာ (ဒုတိယပိုင်း)နှစ်ကျမ်း သဘောရေးဖြေအောင်
အဘိဓမ္မကောဝိဒ၊ တိပိဋကဓရ တိပိဋကကောဝိဒ (၁)ပါး

၁။ ပလ္လင်အမှတ် (၂၆၂) အရှင်ဝိစိတ္တသာရ၊ အသက် (၅၁)နှစ်၊ သိက္ခာ (၃၁)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်း သဘောရေးဖြေအောင်
ဒီဃနိကာယကောဝိဒ (၃)ပါး

၁။ ပလ္လင်အမှတ် (၂၉၃) အရှင်ခေမာသိရီလင်္ကာရ၊ အသက် (၄၃)နှစ်၊ သိက္ခာ (၂၃)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ် (၃၀၅) အရှင်သုမင်္ဂလ၊ အသက် (၃၉)နှစ်၊ သိက္ခာ (၁၈)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ် (၃၁၆) အရှင်ဝိမလာလင်္ကာရ၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်းသုံးကျမ်း သဘောရေးဖြေအောင်
ဝိနယကောဝိဒ (၇)ပါး

၁။ ပလ္လင်အမှတ် (၃၃၃) အရှင်ကောသလ္လ၊ အသက် (၄၇)နှစ်၊ သိက္ခာ (၂၆)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ် (၃၇၁) အရှင်သိရီဉာဏာလင်္ကာရ၊ အသက် (၃၆)နှစ်၊ သိက္ခာ (၁၄)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ် (၃၇၇) အရှင်ပညာဝံသာလင်္ကာရ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ
တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ် (၃၈၁) အရှင်ပညာသိရီလင်္ကာရ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၅။ ပလ္လင်အမှတ် (၃၈၂) အရှင်ကုသလ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၆။ ပလ္လင်အမှတ် (၃၈၃) အရှင်အဂ္ဂဉာဏာလင်္ကာရ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၇။ ပလ္လင်အမှတ် (၃၈၄) အရှင်သုစိတ္တာလင်္ကာရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်း သဘောရေးဖြေအောင်
ဥဘတောဝိဘင်္ဂကောဝိဒ (၁၁)ပါး

၁။ ပလ္လင်အမှတ် (၄၂၇) အရှင်နန္ဒိယာလင်္ကာရ(ဒီပဲယင်း)၊ အသက် (၃၇)နှစ်၊ သိက္ခာ (၁၇)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ် (၄၃၁) အရှင်အဂ္ဂဉာဏ၊ အသက် (၃၇)နှစ်၊ သိက္ခာ (၁၇)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ် (၄၄၉) အရှင်ပညာသာရ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ် (၄၅၁) အရှင်ကုမာရ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ
ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

၅။ ပလ္လင်အမှတ် (၄၅၃) အရှင်နန္ဒိယာလင်္ကာရ၊ အသက် (၃၇)နှစ်၊ သိက္ခာ (၁၄)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၆။ ပလ္လင်အမှတ် (၄၅၄) အရှင်ကိတ္တိဝိဒါလင်္ကာရ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၄)ဝါ
ထေရဝါဒဓမ္မရောင်ခြည်ပရိယတ္တိစာသင်တိုက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၇။ ပလ္လင်အမှတ် (၄၆၆) အရှင်သောဘိတာလင်္ကာရ(ဝက်လက်)၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၃)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၈။ ပလ္လင်အမှတ် (၄၈၃) အရှင်ပညာနန္ဒ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၂)ဝါ
မေတ္တာနန္ဒကျောင်းတိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၉။ ပလ္လင်အမှတ် (၅၀၂) အရှင်ကုသလာလင်္ကာရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၀)ဝါ
သာမဏေကျော်ပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။

၁၀။ ပလ္လင်အမှတ် (၅၀၅) အရှင်ဝိဇာတာလင်္ကာရ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၁။ ပလ္လင်အမှတ် (၅၂၆) အရှင်ကုမာရာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၇)ဝါ
မုဒ္ဓလိန္ဒာပရိယတ္တိစာသင်တိုက်၊ ရမည်းသင်းမြို့၊
မန္တလေးတိုင်းဒေသကြီး။

# တိပိဋကဓရ တိပိဋကကောဝိဒ အာဂုံပြန် အရှင်မြတ်များအား သဘောရေးဖြေခွင့်ပြု

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၂)ရက် (ဗုဒ္ဓဟူးနေ့) ၁၄-၁-၂၀၂၆ ရက်၊ နံနက် ၀၈ ၀၀ အချိန်တွင် ကျင်းပသော တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့တို့၏ (၁/၇၈)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ အာဂုံပြန် အရှင်မြတ်များအား သဘောရေးဖြေခွင့်ပြုလိုက်သည်-

အဘိဓမ္မပိဋက၊ အဘိဓမ္မာရှေ့ပိုင်း ငါးကျမ်းအာဂုံအောင်
မူလအာဘိဓမ္မိက (၃)ပါး

၁။ ပလ္လင်အမှတ်(၂) အရှင်ဂန္ဓမာ၊ အသက် (၄၃)နှစ်၊ သိက္ခာ (၂၃)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ်(၃) အရှင်အစ္ဆရိယ၊ အသက် (၄၂)နှစ်၊ သိက္ခာ (၂၂)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ်(၄) အရှင်ပညာစာရာလင်္ကာရ၊ အသက် (၄၂)နှစ်၊ သိက္ခာ (၂၁)ဝါ
တိပိဋကကမ္ဘောဇကျောင်းတိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

သုတ္တန္တပိဋက၊ ဒီဃနိကာယ် သုံးကျမ်းအာဂုံအောင်
ဒီဃဘာဏက (၁)ပါး

၁။ ပလ္လင်အမှတ်(၈) အရှင်နေမိန္ဒာလင်္ကာရ၊ အသက် (၃၉)နှစ်၊ သိက္ခာ (၁၉)ဝါ
ဝဇီရာနန္ဒသုဗောဓာရုံကျောင်းတိုက်၊ နေပြည်တော်။

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းအာဂုံအောင်
ဝိနယဓရ (၂၈)ပါး

၁။ ပလ္လင်အမှတ်(၁၂) အရှင်ပညာသိရီ၊ အသက် (၄၀)နှစ်၊ သိက္ခာ (၂၁)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ်(၁၄) အရှင်ပရမ၊ အသက် (၄၀)နှစ်၊ သိက္ခာ (၂၀)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း)။

၃။ ပလ္လင်အမှတ်(၂၅) အရှင်ပညာဓဇ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ
တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ်(၂၆) အရှင်သုဇာတ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ
တိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၅။ ပလ္လင်အမှတ်(၃၁) အရှင်အာစာရ၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၆။ ပလ္လင်အမှတ်(၃၄) အရှင်ဓမ္မိက၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၇။ ပလ္လင်အမှတ်(၃၈) အရှင်ဣန္ဒကာလင်္ကာရ (နတ်မောက်)၊ အသက် (၃၅)နှစ်၊ သိက္ခာ(၁၃)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း)။

၈။ ပလ္လင်အမှတ်(၄၅) အရှင်သောဘိတ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၂)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၉။ ပလ္လင်အမှတ်(၅၁) အရှင်ဣန္ဒကာလင်္ကာရ (ဟိုပုံး)၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း)။

၁၀။ ပလ္လင်အမှတ်(၆၃) အရှင်ရာဇိန္ဒာလင်္ကာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၈)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၁၁။ ပလ္လင်အမှတ်(၆၄) အရှင်ဝိသာရဒါလင်္ကာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၈)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

စာမျက်နှာ ၆ သို့

*စာမျက်နှာ ၅ မှ*

၁၂။ ပလ္လင်အမှတ်(၆၅) အရှင်အာလောက၊ အသက် (၂၉)နှစ်၊ သိက္ခာ (၈)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၃။ ပလ္လင်အမှတ်(၆၉) အရှင်ပညာဝံသာလင်္ကာရ၊ အသက် (၂၅)နှစ်၊ သိက္ခာ (၆)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၄။ ပလ္လင်အမှတ်(၇၀) အရှင်သုဇန (နမ္မတူ)၊ အသက် (၃၈)နှစ်၊ သိက္ခာ (၁၈)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာင်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၁၅။ ပလ္လင်အမှတ်(၇၇) အရှင်ဃောသိတ၊ အသက် (၃၆)နှစ်၊ သိက္ခာ (၁၆)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာင်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၁၆။ ပလ္လင်အမှတ်(၈၃) အရှင်အဂ္ဂါနန္ဒ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၁၇။ ပလ္လင်အမှတ်(၉၄) အရှင်တိက္ခဉာဏာလင်္ကာရ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၂)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၈။ ပလ္လင်အမှတ်(၉၆) အရှင်ဇဝန၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၂)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၉။ ပလ္လင်အမှတ်(၉၉) အရှင်ဇဝန၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၂)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၀။ ပလ္လင်အမှတ်(၁၀၀) အရှင်ကောသလ္လ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာင်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၂၁။ ပလ္လင်အမှတ်(၁၀၃) အရှင်တိက္ခဉာဏ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၂၂။ ပလ္လင်အမှတ်(၁၁၀) အရှင်စက္ကိန္ဒ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာင်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၂၃။ ပလ္လင်အမှတ်(၁၁၁) အရှင်နန္ဒိသေနာလင်္ကာရ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၄။ ပလ္လင်အမှတ်(၁၁၃) အရှင်တေဇသာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၂၅။ ပလ္လင်အမှတ်(၁၁၇) အရှင်စန္ဒဇောတျာလင်္ကာရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၉)ဝါ
တိပိဋကစိန်ရွှေဖူးကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၆။ ပလ္လင်အမှတ်(၁၁၈) အရှင်သုစိတ္တ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၉)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာင်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၂၇။ ပလ္လင်အမှတ်(၁၂၂) အရှင်စန္ဒိမာ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၉)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၈။ ပလ္လင်အမှတ်(၁၂၆) အရှင်ဉာဏာစာရာလင်္ကာရ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၈)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းအာဂုံအောင်**
**ဥဘတောဝိဘင်္ဂရေ (၄၆)ပါး**

၁။ ပလ္လင်အမှတ်(၁၃၁) အရှင်ခမ္မသေနာလင်္ကာရ၊ အသက် (၃၈)နှစ်၊ သိက္ခာ (၁၇)ဝါ
မဏိမန္တလာဇေယျကျောင်း၊ ညောင်လေးပင်မြို့၊ ပဲခူးတိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ်(၁၃၂) အရှင်ဇယဇောတ၊ အသက် (၃၇)နှစ်၊ သိက္ခာ (၁၇)ဝါ
မင်္ဂလသိရီပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

၃။ ပလ္လင်အမှတ်(၁၃၇) အရှင်သီလာစာရ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၄)ဝါ
တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ်(၁၃၉) အရှင်သြဘာသာလင်္ကာရ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၅။ ပလ္လင်အမှတ်(၁၄၀) အရှင်ဟိတေသက၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ
တိပိဋကနိကာယမော်လမြိုင်ကျောင်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၆။ ပလ္လင်အမှတ်(၁၄၂) အရှင်နန္ဒဝံသ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၂)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၇။ ပလ္လင်အမှတ်(၁၄၄) အရှင်အဂ္ဂသာရ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၂)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၈။ ပလ္လင်အမှတ်(၁၄၇) အရှင်ကုဏ္ဍလ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၉။ ပလ္လင်အမှတ်(၁၄၈) အရှင်စန္ဒသိရီ (ပျော်ဘွယ်)၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၀။ ပလ္လင်အမှတ်(၁၄၉) အရှင်ဝါသဝါလင်္ကာရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၀)ဝါ
ပညာရောင်ခြည်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၁။ ပလ္လင်အမှတ်(၁၅၁) အရှင်ပညိန္ဒ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၂။ ပလ္လင်အမှတ်(၁၅၇) အရှင်ကောမလဝရာလင်္ကာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၈)ဝါ
ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၃။ ပလ္လင်အမှတ်(၁၅၈) အရှင်စန္ဒောဘာသာလင်္ကာရ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၈)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၄။ ပလ္လင်အမှတ်(၁၅၉) အရှင်ကောဝိဒ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၈)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၅။ ပလ္လင်အမှတ်(၁၆၅) အရှင်ဇောတိသာရာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၇)ဝါ
ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၆။ ပလ္လင်အမှတ်(၁၆၈) အရှင်ရာဟုလာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၆)ဝါ
ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၇။ ပလ္လင်အမှတ်(၁၆၉) အရှင်ရာဇဓမ္မ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၆)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာင်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၁၈။ ပလ္လင်အမှတ်(၁၇၂) အရှင်နန္ဒိသေနာဇဉာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၃)ဝါ
မနာပဒါယီပညာရေးစင်တာကျောင်းတိုက်၊
လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၉။ ပလ္လင်အမှတ်(၁၇၄) အရှင်ပညာစက္ကာလင်္ကာရ၊ အသက် (၁၉)နှစ်၊
မဟာဝိဟာရကျောင်းတိုက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၀။ ပလ္လင်အမှတ်(၁၈၁) အရှင်သုဝီရ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၁။ ပလ္လင်အမှတ်(၁၈၂) အရှင်ကေတုမာလာ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာင်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၂၂။ ပလ္လင်အမှတ်(၁၈၉) အရှင်ဣန္ဒောဘာသ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၁)ဝါ
သာမဏေကျော်စာသင်တိုက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။

၂၃။ ပလ္လင်အမှတ်(၁၉၄) အရှင်ယသဓမ္မ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၁)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၄။ ပလ္လင်အမှတ်(၁၉၇) အရှင်သီဟ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာင်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၂၅။ ပလ္လင်အမှတ်(၂၀၂) အရှင်ကုသလ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၁၀)ဝါ
ဥဿာသီရိစာသင်တိုက်၊ နန်းတော်ရာရပ်ကွက်၊
ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။

၂၆။ ပလ္လင်အမှတ်(၂၀၃) အရှင်ဆေကိန္ဒာလင်္ကာရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၉)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၇။ ပလ္လင်အမှတ်(၂၀၉) အရှင်နန္ဒိယာလင်္ကာရ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၈)ဝါ
ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၈။ ပလ္လင်အမှတ်(၂၁၃) အရှင်သြသဓာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၆)ဝါ
ခေမဝတီသာသနာရောင်ခြည်ကျောင်း၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂၉။ ပလ္လင်အမှတ်(၂၁၅) အရှင်ထာဝရာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၄)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၀။ ပလ္လင်အမှတ်(၂၁၆) အရှင်ဥေယျဓမ္မာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၄)ဝါ
ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၁။ ပလ္လင်အမှတ်(၂၁၇) အရှင်နန္ဒိယာလင်္ကာရ၊ အသက် (၂၅)နှစ်၊ သိက္ခာ (၄)ဝါ
ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၂။ ပလ္လင်အမှတ်(၂၂၀) အရှင်ဝိစိတ္တ၊ အသက် (၄၀)နှစ်၊ သိက္ခာ (၂၀)ဝါ
တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၃။ ပလ္လင်အမှတ်(၂၂၇) အရှင်တေဇိန္ဒ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ
တိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊မုံရွာမြို့၊စစ်ကိုင်းတိုင်းဒေသကြီး။

၃၄။ ပလ္လင်အမှတ်(၂၃၀) အရှင်ကောဝိဒ၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၄)ဝါ
တိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

*စာမျက်နှာ ၇ သို့*

စာမျက်နှာ ၆ မှ

၃၅။ ပလ္လင်အမှတ်(၂၃၃) အရှင်ပဏ္ဍိတာလင်္ကာရ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၂)ဝါ
တန့်ကြည်တောင်အောင်အပ်နှံသာမဏေကျော်ကျောင်းတိုက်၊
တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၃၆။ ပလ္လင်အမှတ်(၂၃၄) အရှင်ပညာဇောတ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၂)ဝါ
တိပိဋကစိန်ရွှေဖူးကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၇။ ပလ္လင်အမှတ်(၂၃၅) အရှင်တေဇောဘာသ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၃၈။ ပလ္လင်အမှတ်(၂၄၆) အရှင်ခေမိဿရ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၇)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၉။ ပလ္လင်အမှတ်(၂၄၇) အရှင်အာစာရာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၇)ဝါ
ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၀။ ပလ္လင်အမှတ်(၂၄၈) အရှင်ကရုဏာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၇)ဝါ
တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၁။ ပလ္လင်အမှတ်(၂၄၉) အရှင်ဝိစာရိန္ဒ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၇)ဝါ
မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၄၂။ ပလ္လင်အမှတ်(၂၅၀) အရှင်ဝရုဏာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၆)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၃။ ပလ္လင်အမှတ်(၂၅၃) အရှင်တေဇောဘာသာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၅)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၄။ ပလ္လင်အမှတ်(၂၅၄) အရှင်ဥတ္တရသိရီလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၅)ဝါ
မဇ္ဈိမဂုဏ်ရည်ကျောင်း၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။

၄၅။ ပလ္လင်အမှတ်(၂၅၅) အရှင်အရိယာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၄)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၆။ ပလ္လင်အမှတ်(၂၅၈) အရှင်ဣန္ဒပါလ၊ အသက် (၂၄)နှစ်၊ သိက္ခာ (၄)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## သဘောထားထုတ်ပြန်ကြေညာချက်

**ရန်ကုန်တိုင်းဒေသကြီး၊ သာသနာနုဂ္ဂဟအသင်း**
**အလုပ်အမှုဆောင်အဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်**
**၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၂၃)ရက်၊ (၁၃၈၇)ခုနှစ် တပို့တွဲလဆန်း (၆)ရက်**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း (ရန်ကုန်တိုင်းဒေသကြီး) အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ) သို့သွားရောက်၍ ဂမ်ဘီယာနိုင်ငံ၏ ရိုးသားမှုမရှိ/မဟုတ်မမှန်သောစွပ်စွဲချက်များကို မြန်မာနိုင်ငံမှ မကျူးလွန်ကြောင်း ဥပဒေနှင့်အညီ ပကတိဖြစ်စဉ်အမှန်တရားကို တိကျပြတ်သားသည့် ဖြေရှင်းချက်များနှင့်အတူ နိုင်ငံတကာအလယ်၌ ပြည်ထောင်စုသမ္မတမြန်မာတစ်နိုင်ငံလုံး၏ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာကို ကာကွယ်ဖြေရှင်းဆောင်ရွက်နေမှုအပေါ် အပြည့်အဝကြိုဆိုထောက်ခံအပ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ အမှန်တရား/တရားမျှတမှု၊ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာအတွက် ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တစ်သားတည်း ရပ်တည်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ရန်ကုန်တိုင်းဒေသကြီး၊ သာသနာနုဂ္ဂဟအသင်း

## သဘောထားထုတ်ပြန်ကြေညာချက်

**မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၏**
**သဘောထားကြေညာချက်**
**၂၀၂၆ ခုနှစ် ဇန်နဝါရီလ (၂၃)ရက်**
**(၁၃၈၇)ခုနှစ် တပို့တွဲလဆန်း (၆)ရက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ (၁၂) ရက်နေ့မှ (၂၉)ရက်နေ့အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး ICJ သို့ သွားရောက်၍ ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်များအား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်လျက် မိမိတို့မြန်မာနိုင်ငံ၏ တာဝန်ယူမှုနှင့် ဂုဏ်သိက္ခာရှိသောလုပ်ရပ်တို့ကို ဖော်ညွှန်းပြသလျက်ရှိနေပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးအနေဖြင့် မိမိတို့နိုင်ငံတော်အပေါ် မတရား စွပ်စွဲလုပ်ဆောင်မှုများကို တရားဥပဒေအပေါ် ယုံကြည်မှုအခြေခံ၍ ပြတ်ပြတ်သားသား ရင်ဆိုင်ဖြေရှင်းနေခြင်းကို အပြည့်အဝကြိုဆိုထောက်ခံပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏ ပကတိဖြစ်စဉ်အမှန်များကို ပုံဖော်ပြသနေခြင်းဖြစ်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ အထင်အမြင်လွဲမှားစေရန်နှင့် မတရားစွပ်စွဲမှုများ ဖြစ်လာစေရန် လုပ်ဆောင်နေကြခြင်းကို နိုင်ငံတကာမှ သိရှိနားလည်သွားစေရန်နှင့် ယုံကြည်မှုရှိလာစေရေးအတွက်လည်း အရေးပါသောအချက်တစ်ခုပင်ဖြစ်ကြောင်း ယုံကြည်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးအနေဖြင့် နိုင်ငံတော်၏ကိုယ်စား ICJ သို့ သွားရောက်၍ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာတရား၊ အချုပ်အခြာအာဏာ၊ အကျိုးစီးပွားနှင့်သက်ဆိုင်သောကိစ္စရပ်များအတွက် အမှန်တရားကို ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို အလေးအနက် ကြိုဆိုထောက်ခံ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်းနှင့် မိမိတို့ မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီးအနေဖြင့် နိုင်ငံတော်၏ မူဝါဒသဘောထားများနှင့် တစ်သားတည်း ရပ်တည်လျက်ရှိနေပါကြောင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## သဘောထားထုတ်ပြန်ကြေညာချက်

**မြန်မာ-အိန္ဒိယချစ်ကြည်ရေးအသင်း(MIFA)**
**ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်**
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက် (၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၁၂)ရက်နေ့မှ (၂၉) ရက်နေ့အထိ နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)တွင် မြန်မာနိုင်ငံအတွက် တရားမျှတမှုနှင့် အမှန်တရားဖော်ဆောင်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ဂမ်ဘီယာနိုင်ငံ၏ မဟုတ်မမှန် စွပ်စွဲချက်များအား ဥပဒေကြောင်းအရ ခိုင်မာစွာ ရင်ဆိုင်ဖြေရှင်းနေသည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းအားထုတ်မှုများကို မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းက အလေးအနက်တန်ဖိုးထား အားပေးထောက်ခံသည့်အပြင် နိုင်ငံတော်၏အမှန်တရားနှင့် အမျိုးသား အကျိုးစီးပွားကို ကမ္ဘာ့အလယ်တွင် ရဲဝံ့စွာ ခုခံကာကွယ်နေခြင်းသည် တိုင်းပြည်အတွက် အလွန်အရေးကြီးသော သမိုင်းပေးတာဝန်တစ်ရပ်ကို ထမ်းဆောင်နေခြင်းဖြစ်သည်ဟု ယုံကြည်ပါသဖြင့် နိုင်ငံတော်၏မူဝါဒ၊ သဘောထားများနှင့်အတူ တစ်သားတည်းရပ်တည်လျက် ပြတ်သားစွာ ဝန်းရံထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာ-အိန္ဒိယချစ်ကြည်ရေးအသင်း (MIFA)

## သဘောထားထုတ်ပြန်ကြေညာချက်

**ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ**
**သဘောထားထုတ်ပြန်ချက်**

ရက်စွဲ၊ ၂၀၂၆၊ ဇန်နဝါရီလ (၂၀) ရက်

ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၂)၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး(International Court of Justice – ICJ) သို့သွားရောက်ကာ ဂမ်ဘီယာနိုင်ငံ၏ ရိုးသားမှု မရှိ/မဟုတ်မမှန်သော စွပ်စွဲချက်များကို မြန်မာနိုင်ငံမှ မကျူးလွန်ကြောင်း ဥပဒေနှင့်အညီ ပကတိဖြစ်စဉ်အမှန်တရားကို တိကျပြတ်သားသည့် ဖြေရှင်းချက်များနှင့်အတူ နိုင်ငံတကာအလယ်၌ ပြည်ထောင်စုသမ္မတ မြန်မာတစ်နိုင်ငံလုံး၏ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာကို ကာကွယ်ဖြေရှင်းဆောင်ရွက်နေမှုအပေါ် အပြည့်အဝ ကြိုဆိုထောက်ခံအပ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ အမှန်တရား/တရားမျှတမှု၊ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာအတွက် ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်တစ်သားတည်း ရပ်တည်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ(၁/၂၀၂၆)အစည်းအဝေးသို့ တက်ရောက်

**မန္တလေး ဇန်နဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ(၁/၂၀၂၆) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ရင်းနှီးမြှုပ်နှံမှုများအား ပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်တို့အပေါ် အကျိုးသက်ရောက်မှုကောင်းများ ရှိစေသည့် ရင်းနှီးမြှုပ်နှံမှုများကို အားပေးမြှင့်တင်ကာ ကာလတို၊ ကာလလတ် အစီအမံများချမှတ်၍ ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုမြန်ဆန်အောင် ဆောင်ရွက်ပေးနိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်ဆန်သွက်လက်စွာ စိစစ်ခွင့်ပြုချထားပေးလျက်ရှိပြီး တင်ပြလျှောက်ထားလာမှုနှင့် မြေပြင်တွင် အမှန်တကယ်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေမှုများနှင့် ကိုက်ညီရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအတွင်းရေးမှူး ဒေါက်တာမင်းဇော်ဦးက တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းတို့နှင့် ပတ်သက်၍ အတည်ပြုမိန့် တင်ပြလာခြင်း၊ ထုတ်ကုန်ပစ္စည်းများ ထပ်မံတိုးမြှင့်ထုတ်လုပ်ခွင့် တင်ပြလာခြင်း လျှောက်ထားလာမှုများကို ရှင်းလင်းတင်ပြပြီးနောက် ကုမ္ပဏီများမှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြခဲ့ကြသည်။

၎င်းနောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးက တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြဆွေးနွေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေး၍ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**




## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)တွင် ပါဝင်သည့် ချမ်းမြသာစည်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်အတွင်း မဲရုံများ ဖွင့်လှစ်ပြင်ဆင်ထားရှိမှု၊ ဓမ္မာရုံရှိ မဲရုံများကို ပြောင်းရွှေ့ဖွင့်လှစ်ပြင်ဆင်ထားရှိမှုနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေး






**မန္တလေး ဇန်နဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါပြီး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)၌ မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် (၈)မြို့နယ်တွင် ပါဝင်သည့် ချမ်းမြသာစည်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်များ၌ မဲရုံများ စနစ်တကျဖွင့်လှစ်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာ ချမ်းမြသာစည်မြို့နယ်တွင် သံလျက်မော်(တောင်)ရပ်ကွက်ရှိ ဖူဆယ်ကွင်း၊ ဒေသန္တရဆေးပေးခန်းနှင့် အမှတ်(၁၃)အခြေခံပညာမူလတန်းကျောင်း၊ ချမ်းမြသာစည်(တောင်)ရပ်ကွက်ရှိ နားမကြားသောကလေးများကျောင်း၊ မြို့သစ်အမှတ်(၄)ရပ်ကွက်ရှိ အောင်ပန်းမြေကိုယ်ပိုင်ကျောင်း၊ ကန်သာယာရပ်ကွက်ရှိ အမှတ်(၂၃)အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၃၁)အခြေခံပညာအထက်တန်းကျောင်း၊ ထွန်းတုံးရပ်ကွက်ရှိ ကိုယ်ပိုင်ကျောင်း၊ မြရည်နန္ဒာရပ်ကွက်ရှိ အမှတ်(၃၅)အခြေခံပညာအထက်တန်းကျောင်း၊ ပုသိမ်ကြီးမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(အုန်းချော)နှင့်အခြေခံပညာအထက်တန်းကျောင်း(ကျောက်မီး)သို့ သွားရောက်ပြီး မဲရုံများ ဖွင့်လှစ်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်အဆင့်ဆင့်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ မဲရုံမှူးများ၊ ဒုမဲရုံမှူးများ၊ မဲရုံများတွင် တာဝန်ထမ်းဆောင်ကြသူများအနေဖြင့် မဲဆန္ဒရှင်ပြည်သူများအတွက် မဲရုံများအလိုက် ဖွင့်လှစ်ပြင်ဆင်ဆောင်ရွက်ရာတွင် မဲဆန္ဒပြည်သူများ စိတ်ချမ်းမြေ့မှု အဆင်ပြေချောမွေ့မှုတို့ဖြင့် ဆောင်ရွက်နိုင်ရေး အလေးထားကာ ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းတို့ကိုမှာကြားပြီး တာဝန်ရှိသူများက ချမ်းမြသာစည်မြို့နယ်တွင် အဆိုပါမြို့နယ်များအနက် ချမ်းမြသာစည်မြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း(၁၄၂၄၁၂)ဦးအတွက် မဲရုံပေါင်း(၈၇)ရုံနှင့် ပုသိမ်ကြီးမြို့နယ်တွင် မဲဆန္ဒရှင်ပေါင်း(၁၇၇၁၄၄)ဦးအတွက် မဲရုံပေါင်း(၁၃၉)ရုံ ဖွင့်လှစ်ပြင်ဆင်ဆောင်ရွက်ထားမှုနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**


- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သပိတ်ကျင်းမြို့တွင် ပြန်လည်တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများအား ပို့ဆောင်နှုတ်ဆက်





**မန္တလေး ဇန်နဝါရီ ၂၂**

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသအချို့တို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter- Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားခဲ့သည့် မန္တလေး-မတ္တရာ-သပိတ်ကျင်း-မိုးကုတ်လမ်းကြောင်းတစ်လျှောက်နှင့် အနီးပတ်ဝန်းကျင်ရှိ မြို့ရွာများအား ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်တွင် တပ်မတော်က အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး မန္တလေး- မတ္တရာ-သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။

လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူလူထုအား လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်နှင့် အစိုးရ၏အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးနှင့် ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေးတို့အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများသည် ယနေ့နံနက်ပိုင်းက မန္တလေးမြို့မှ သပိတ်ကျင်းမြို့သို့ ထွက်ခွာကြရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာအဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများအား နွေးထွေးစွာ တွေ့ဆုံအားပေး၍ ထောက်ပံ့ငွေများ ချီးမြှင့်ခဲ့ပြီး ပို့ဆောင်နှုတ်ဆက်ခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားခဲ့သည့် ဆက်သွယ်ရေးလမ်းကြောင်းများကို တပ်မတော်က ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်မည်ဖြစ်ပြီး ဒေသတွင်း ကုန်စည်ကူးသန်းရောင်းဝယ်မှုများ လွယ်ကူလျင်မြန်ချောမွေ့စွာဖြင့် ပုံမှန်အတိုင်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ-ဝ

# မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး ရှေ့နေပြေးဥပဒေရုံးများကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီးအတွင်းရှိ ရှေ့ပြေးဥပဒေရုံးများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး ရှေ့ပြေးဥပဒေရုံးများကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီးအတွင်းရှိ ရှေ့ပြေးဥပဒေရုံးများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက မန္တလေးမြို့ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ဥပဒေအရာရှိ၊ ခရိုင်နှင့်မြို့နယ်ဥပဒေအရာရှိများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ မဟာအောင်မြေခရိုင်ဥပဒေရုံးမှ ဒုတိယခရိုင်ဥပဒေအရာရှိက ရှေ့ပြေးဥပဒေရုံးများ၏ လုပ်ငန်းစဉ်များနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ရှေ့ပြေးဥပဒေရုံးများ၏ ခရိုင်နှင့်မြို့နယ်ဥပဒေအရာရှိများက မိမိရုံးအလိုက် ရှေ့ပြေးဥပဒေရုံးလုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး ရှေ့ပြေးဥပဒေရုံးများကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးဥပဒေအရာရှိ ဒေါ်နော်သန်းသန်းငြိမ်းက ရှေ့ပြေးဥပဒေရုံးများ၏ နစ်နာသူနှင့် သက်သေများကို တရားခွင်အကြို တွေ့ဆုံမေးမြန်းခြင်း၊ နည်းပညာသုံး မှုခင်းစီမံခန့်ခွဲမှုစနစ် ACMS ဆောင်ရွက်လျက်ရှိသည့် တရားရုံးများနှင့်ပေါင်းစပ်ဆောင်ရွက်ခြင်း၊ တရားစွဲအဖွဲ့အစည်းများ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် ပိုမိုနီးကပ်သည့် ဆက်သွယ်ဆောင်ရွက်မှုပြုနိုင်ရေးအတွက် နည်းလမ်းဖော်ထုတ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းမှု မြှင့်တင်ဆောင်ရွက်ခြင်း၊ အမှုတွင်နစ်နာသူများ၏ ဥပဒေပါအခွင့်အရေးများ အပြည့်အဝရရှိစေရန် ဆောင်ရွက်ခြင်း စသည့် လုပ်ငန်းစဉ်အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၅)**



# မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးသစ် ဖွင့်လှစ်ခြင်း (၄)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**မန္တလေး ဇန်နဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးသစ်ဖွင့်လှစ်ခြင်း (၄)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီးနောက် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်၊ တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်နော်သန်းသန်းငြိမ်း၊ ဥပဒေအရာရှိတို့က နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်က နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၏ လှုပ်ရှားဆောင်ရွက်ချက် Video Click ကို ပြသခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်က ရှေ့ရှားဘာသာစကား ဒီပလိုမာ(အချိန်ပြည့်တစ်နှစ်)သင်တန်းတွင် ပထမဆုနှင့် ဒုတိယဆုများရရှိခဲ့ကြသည့် ဥပဒေအရာရှိများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ပြီး တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်နော်သန်းသန်းငြိမ်းက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၁၁၄)၌ သေနတ်ပစ်ထူးချွန်ဆု ရရှိခဲ့သည့် ပျဉ်းမနားခရိုင် ဥပဒေရုံးမှ အငယ်တန်းစာရေးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသည့် ဥပဒေအရာရှိများ၊ အရာထမ်း၊ အမှုထမ်းများအား ကံစမ်းမဲများဖောက်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၅)**

❖ စာမျက်နှာ ၂၄ မှ

မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် တရားမဝင်ရောင်းဝယ်မှု တားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက် စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ရာ သီပေါမြို့နယ်နှင့် မိုင်းရယ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါး ချက်လုပ်သည့် နေရာများနှင့် မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည့် သတင်းများကို ဇန်နဝါရီ ၁၁ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များသည် အဆိုပါဒေသများအတွင်း မူးယစ်ဆေးဝါးချက်လုပ်နေမှုများအား အမြစ်ပြတ်ရှင်းလင်းနိုင်ရေးအတွက် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုများနှင့်အတူ လိုအပ်သည့်လေကြောင်း ကင်းထောက်ခြင်းနှင့် မြေပြင်သတင်းဖော်ထုတ်ခြင်းများပြုလုပ်၍ နယ်မြေရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၈ ရက် ညနေ ၄ နာရီခန့်တွင် စိန်ကြော့ကျေးရွာ၏ အနောက်တောင်ဘက် ၁၀ ကီလိုမီတာခန့်အကွာ၊ ဇန်နဝါရီ ၁၆ ရက်တွင် သိမ်းဆည်းရမိခဲ့သည့် နေရာ၏ အနောက်မြောက်ဘက် ၂ ကီလိုမီတာခန့်အကွာ၌ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် အဆောက်အအုံများနှင့် ဆက်စပ်ပစ္စည်းများဖြစ်သော “၁၈၈၈” အမှတ်တံဆိပ်ပါ ထုပ်ပိုးခွံပစ္စည်းများထည့်ထားသည့် ဂိုဒေါင်သုံးလုံး၊ ဖန်ပေါင်းအိုး ၁၅ လုံး၊ အခြောက်ခံဗန်း ၂၄ ခုထားရှိသည့် တဲတစ်လုံး၊ လူနေတဲရှစ်လုံး၊ အပေါင်းခံစက် ခုနစ်လုံးထည့်ထားသည့် တဲတစ်လုံး၊ (စိစစ်ဆဲ) ဓာတုပစ္စည်းအိတ် ၅၀၀ ထည့်ထားသည့် ဂိုဒေါင်တစ်လုံး၊ Caustic Soda ထည့်ထားသည့် ဆာလာအိတ် ၁၀၃ အိတ်နှင့် ဆိုဒီယမ်ဆာလဖိတ် ထည့်ထားသည့် ဆာလာအိတ် ၂၀၀ ထည့်ထားသည့် ဂိုဒေါင်တစ်လုံး၊ ကျောက်ချဉ်အိတ် ၁၈ အိတ်၊ မီးသွေးအမှုန့်အိတ် ၂၈ အိတ်၊ ဂတ်စ်အိုး ၄၆၉ လုံး၊ ရေခဲသေတ္တာသုံးလုံး၊ စားချက်ဆောင်တစ်လုံး၊ လျှပ်စစ်မီးဖို ကိုးလုံး၊ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် စက်နှစ်လုံးတို့ကို လည်းကောင်း။


ဇန်နဝါရီ ၁၈ ရက် ညနေ ၅ နာရီခန့်တွင် မန်ဖြတ်ကျေးရွာ၏ အနောက်ဘက် ၂၀ ကီလိုမီတာခန့်အကွာ၊ ဇန်နဝါရီ ၁၁ ရက်တွင် သိမ်းဆည်းရမိခဲ့သည့် နေရာ၏ အနောက်တောင်ဘက် ၇ ကီလိုမီတာခန့်အကွာ၌ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် လူနေတဲ ၁၇ လုံး၊ ဂိုဒေါင် ရှစ်လုံး၊ မူးယစ်ဆေးဝါး ချက်လုပ်သည့်တဲ လေးလုံး၊ မီးစက်အကြီး နှစ်လုံး၊ အက်စစ်အပါ (ပလတ်စတစ်) ပီပါအပြာ ၅၄ လုံး၊ ပလတ်စတစ် ပီပါအပြာအခွံ အလုံး ၁၉၀၊ သံပီပါအခွံ ၇၆ လုံး၊ အဖြူရောင် ၅ ဂါလန်ပုံး (အက်စစ်အပါ) ၇၅ လုံး၊ Caustic Soda ဆာလာအိတ် အလုံး ၆၀၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် စတီးပေါင်းအိုးတစ်လုံး၊ ဖန်ပေါင်းအိုးအသေး ၃၉ လုံးတို့အား လည်းကောင်း၊ ညနေ ၆ နာရီခန့်တွင် အဆိုပါနေရာ၏ အနောက်မြောက်ဘက် ၆ ကီလိုမီတာခန့်အကွာ၌ ကော်ပီပါအခွံ ၆၇ လုံး၊ သံပီပါအခွံ ခုနစ်လုံး၊ မီးစက်နှစ်လုံး၊ လူနေတဲ လေးလုံး၊ ကတ်ထူဖာအခွံများ ထည့်ထားသည့် ဂိုဒေါင်တစ်လုံး၊ စားချက်ဆောင်တစ်လုံး၊ ပစ္စည်းတင်စင်(သံဖရိန်) ခြောက်စင်၊ ဂတ်စ်အိုး တစ်လုံး၊ သစ်ခွဲသားဆိုဒ်စုံအချောင်း ၅၀ တို့ကို လည်းကောင်း။

ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီခန့်တွင် မိုင်းရယ်မြို့၏ အနောက်တောင်ဘက် ၁၀ ကီလိုမီတာခန့်အကွာ၊ ဇန်နဝါရီ ၁၆ ရက်တွင် သိမ်းဆည်းရမိခဲ့သည့် နေရာ၏ အရှေ့မြောက်ဘက် ၉ ကီလိုမီတာခန့်အကွာ၌ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် တဲငါးလုံး၊ ဂိုဒေါင်ငါးလုံး၊ လူနေတဲ ရှစ်လုံး၊ ၆ ပေကျွိုင်လာ ငါးလုံး၊ ၅ ပေကျွိုင်လာ ငါးလုံး၊ စတီးမွှေစက် လေးလုံး၊ စတီးဗန်းအချပ် ၆၀၊ မူးယစ်ဆေးဝါးချက်ဖန့်ပြွန် အခု ၁၂၀၊ ဆေးပြားရိုက်စက် လေးလုံး၊ ဂတ်စ်အိုးအခွံ အလုံး ၁၂၀၊ ပီပါအပြာအခွံ အလုံး ၂၅၀၊ သံပီပါအခွံ အလုံး ၅၀၊ မီးစက်ကြီး နှစ်လုံး၊ ၆ ဘီးကားအပြာနှစ်စီးတို့ကိုလည်းကောင်း၊ ညနေ ၃ နာရီခန့်တွင် မန်ဖြတ်ကျေးရွာ၏ အနောက်တောင်ဘက် ၁၈ ကီလိုမီတာခန့်အကွာ၊ ဇန်နဝါရီ ၁၈ ရက်နေ့တွင် သိမ်းဆည်းရမိခဲ့သည့် နေရာ၏ အရှေ့တောင်ဘက် ၄ ကီလိုမီတာခန့်အကွာ၌ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အလျား ၂၅ ပေ အနံ ၁၅ ပေရှိ မိုးကာလူနေတဲ တစ်လုံး၊ အလျား ပေ ၂၀ အနံ ၁၀ ပေရှိ မိုးကာစားချက်ဆောင် တစ်လုံး၊ ဘတ်ဟိုးယာဉ်တစ်စီးနှင့်ဆက်စပ်ပစ္စည်းများကို လည်းကောင်း။

ဇန်နဝါရီ ၂၀ ရက် ည ၇ နာရီခန့်တွင် အဆိုပါနေရာ၏ အနောက်တောင်ဘက် ၈ ကီလိုမီတာခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ပြုလုပ်သည်ဟု ယူဆရသော အလျား ပေ ၁၈၀ အနံ ပေ ၅၀ အမြင့် ၂၂ ပေရှိ သွပ်မိုးနှစ်ထပ်အဆောက်အအုံ နှစ်လုံး၊ အလျား ပေ ၁၂၀ အနံ ပေ ၆၀ အမြင့် ၂၂ ပေရှိ ဆောက်လုပ်ဆဲ နှစ်ထပ်အဆောက်အအုံ တစ်လုံး၊ အလျား ပေ ၂၀၀ အနံ ပေ ၂၀ အမြင့် ၁၂ ပေရှိ သံဖရိန်အထပ်သားကာ အဆောက်အအုံ တစ်လုံးတို့ကိုလည်းကောင်း ထပ်မံဖော်ထုတ် တွေ့ရှိသိမ်းဆည်းနိုင်ခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၂၂ ရက် ယနေ့နံနက်ပိုင်းတွင် နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ မန်ဖြတ်ကျေးရွာ၏ အနောက်မြောက်ဘက် ၁၈ ကီလိုမီတာခန့်

**သီပေါမြို့နယ် နမ့်လန်ဒေသနှင့် မိုင်းရယ်မြို့အနီး SSA စခန်းနေရာ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု ပြုလုပ်သည့်နေရာနှင့် မူးယစ်ဆေးဝါးချက်လုပ်သည့် နေရာများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ထပ်မံသိမ်းဆည်းရမိ။**




အကွာ၊ ဇန်နဝါရီ ၁၆ ရက်တွင် သိမ်းဆည်းရမိခဲ့သည့် နေရာ၏ အနောက်တောင်ဘက် ၄ ကီလိုမီတာခန့်အကွာသို့ အရောက်၌ SSA အဖွဲ့များနေထိုင်သည့် အလျား ပေ ၄၀ အနံ ပေ ၂၀ ရှိ သွပ်မိုးအုတ်ကာ လူနေအဆောက်အအုံ တစ်လုံး၊ အလျား ပေ ၄၀ အနံ ၂၅ ပေရှိ သွပ်မိုးအုတ်ကာ စားချက်ဆောင် တစ်လုံး၊ အလျား ပေ ၂၀ အနံ ပေ၂၀ ရှိ သွပ်မိုးဝါးကာ လူနေတဲ တစ်လုံး၊ အလျား ပေ ၂၀ အနံ ၁၅ ပေရှိ သွပ်မိုးအုတ်ကာ လူနေတဲ တစ်လုံး၊ အလျား ၁၀ ပေ အနံ ၁၀ ပေရှိ သွပ်မိုးအုတ်ကာလူနေတဲ တစ်လုံး၊ အလျား ပေ ၂၀ အနံ ပေ ၂၀ ရှိ သွပ်မိုးအုတ်ကာ လူနေတဲ တစ်လုံး၊ အလျား ၁၀ ပေ အနံ ၁၀ ပေရှိ သွပ်မိုးထရံကာ လူနေတဲ တစ်လုံး၊ မြေစိုက်သစ်လုံးဘန်ကာ ၂ လုံး၊ အကျယ် ၃ ပေ အနက် ၃ ပေ၊ အရှည် ပေ ၃၀၀ ရှိ ဆက်သွယ်ရေးမြောင်း၊ ထရံမိုး နှစ်ယောက်အိပ်တဲနှစ်လုံး၊ ထရံမိုး ငါးယောက်အိပ်တဲ တစ်လုံး၊ အလျား ၂၄ ပေ အနံ ၁၂ ပေရှိ သွပ်မိုးအုတ်ကာ အဆောက်အုံ တစ်လုံး၊ အလျား ၁၅ ပေ အနံ ၁၂ ပေရှိ သွပ်မိုးအုတ်ကာ အဆောက်အအုံ တစ်လုံး၊ အလျား ၂၄ ပေ အနံ ၂၄ ပေရှိ သွပ်မိုးပျဉ်ကာ နှစ်ထပ်အဆောက်အအုံ တစ်လုံး၊ အလျား ပေ ၃၀ အနံ ပေ ၂၀ ရှိ သွပ်မိုးအုတ်ကာ အဆောက်အအုံ တစ်လုံး၊ အလျား ပေ ၂၀ အနံ ပေ ၂၀ ရှိ သွပ်မိုးအုတ်ကာ အဆောက်အအုံတစ်လုံး၊ အလျား ၂၄ ပေ အနံ ၁၅ ပေရှိ သွပ်မိုးအုတ် (ကားဂိုဒေါင်ပါ) အဆောက်အအုံ တစ်လုံး၊ အလျား ၁၂ပေအနံ ၈ပေရှိသွပ်မိုးအုတ်ကာ (ရေချိုးခန်း) အဆောက်အအုံ တစ်လုံး၊ အလျား ၁၀ ပေ အနံ ၅ ပေရှိ သွပ်မိုးအုတ်ကာ (နှစ်လုံးတွဲအိမ်သာ) အဆောက်အအုံတစ်လုံး၊ အလျား ၆ ပေ အနံ ၆ ပေရှိ သွပ်မိုးအုတ်ကာ ကင်းစောင့်တဲ တစ်လုံး တို့ဖြင့် အခိုင်အမာတည်ဆောက်လျက် မူးယစ်ဆေးဝါးများ ထုတ်လုပ်မှုအား အနီးကပ်လုံခြုံရေး ပေးခဲ့သည်ဟု ယူဆရသည့် SSA လက်နက်ကိုင် အဖွဲ့အစည်း အင်အားစုအချို့ နေထိုင်ခဲ့သည့် စခန်းကြီးတစ်ခုအား ပစ်ခတ်ခုခံမှု မရှိဘဲ ရှင်းလင်းသိမ်းပိုက်နိုင်ခဲ့သည်။

တပ်မတော်စစ်ကြောင်းများ အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်နှင့် မိုင်းရယ်မြို့နယ်တို့အတွင်း မြေပြင်သတင်းဖော်ထုတ်ပြီး ဒေသခံပြည်သူများ၏ သတင်းပေးပို့၍ ပူးပေါင်းပါဝင်မှုတို့နှင့်အတူ အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းများကို အဖွဲ့စုံပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့်စစ်ကြောင်းများခွဲ၍ ဖော်ထုတ်ရှင်းလင်းခဲ့ရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ဇန်နဝါရီ ၂၂ ရက်အထိ အဆိုပါဒေသအတွင်း မူးယစ်ဆေးဝါး ချက်လုပ်သည့် နေရာ ၁၃ နေရာနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ပြုလုပ်သည့်နေရာဟု ယူဆရသည့်နေရာ နှစ်နေရာတို့ကို ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့ကာ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်း အမြောက်အမြားနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းနိုင်ခဲ့ပြီး အဆိုပါ မူးယစ်ဆေးဝါး ချက်လုပ်သည့် နေရာများအနီး တစ်ဝိုက်တွင် SSA အဖွဲ့၏ ကာကင်းစခန်းတစ်ခုနှင့် အခိုင်အမာ တည်ဆောက်ထားသည့် စခန်းနေရာတစ်ခု တို့ကို တွေ့ရှိသိမ်းဆည်းနိုင်ခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို ပူးပေါင်းအဖွဲ့ဖြင့် အသေးစိတ်ဆက်လက်စစ်ဆေး၍ သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းအပ်နှံခြင်း၊ စနစ်တကျ မီးရှို့ဖောက်ခွဲဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် သတင်းများ ရရှိပါကလည်း တာဝန်ရှိသူများထံ အချိန်မီ သတင်းပေးပို့ကြရန် လိုအပ်ကြောင်းနှင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါး ဖြစ်စဉ်များတွင် အဓိက ပါဝင်ပတ်သက်လျက်ရှိသည့် မည်သည့်အဖွဲ့အစည်းကို မဆို ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**ဇန်နဝါရီလ ၁၈ ရက်နေ့ ညနေ ၅ နာရီခန့်တွင် မန်ဖြတ်ကျေးရွာ၏ အနောက်ဘက် ၂၀ ကီလိုမီတာခန့်အကွာ၌ သိမ်းဆည်းရမိခဲ့သည့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် အဆောက်အအုံများ။**




၅ ဂါလန်ပုံး အဖြူ အက်စစ်ပါ ၇၅ ပုံး တွေ့ရှိမှု။




Caustic Soda ဆာလာအိတ် အလုံး ၆၀ တွေ့ရှိမှု။



စတီးပေါင်းအိုး မူးယစ်ဆေးဝါးမွှေစက် တစ်လုံး တွေ့ရှိမှု။

**ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီခန့်တွင် မိုင်းရယ်မြို့၏ အနောက်တောင်ဘက် ၁၀ ကီလိုမီတာခန့်အကွာ၌ သိမ်းဆည်းရမိခဲ့သည့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြု သည့် ဆက်စပ်ပစ္စည်းများနှင့် အဆောက်အအုံများ။**



## အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၈၃ ဦး မြန်မာ- ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၂

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံ ဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၈၃ ဦးတို့အား မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး စံရွှေနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာနမှ ညွှန်ကြားရေးမှူး Mr. Wang Tian Wei နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## ရခိုင်ပြည်နယ်အတွင်း နေထိုင်သည့်ဘင်္ဂါလီများကို နိုင်ငံတော်အစိုးရက ကူညီစောင့်ရှောက်ပေးလျက်ရှိသည့် အခြေအနေနှင့် စပ်လျဉ်း၍ စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်တွင် နေထိုင်သည့် ရာအိမ်မှူး ဦးကျော်တင်လှိုင်၏ ပြောကြားချက်များ

ရခိုင်ပြည်နယ်အတွင်း နေထိုင်သည့် ဘင်္ဂါလီများကို နိုင်ငံတော်အစိုးရက ကူညီစောင့်ရှောက်ပေးလျက်ရှိသည့် အခြေအနေနှင့် စပ်လျဉ်း၍ စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်တွင် နေထိုင်သည့် ရာအိမ်မှူး ဦးကျော်တင်လှိုင်၏ ပြောကြားချက်များကို ဖော်ပြအပ်ပါသည် -

**ဦးကျော်တင်လှိုင် (ရာအိမ်မှူး)**
**အောင်မင်္ဂလာရပ်ကွက် စစ်တွေမြို့**

ကျွန်တော့် နာမည်က ဦးကျော်တင်လှိုင်ပါ။ မွတ်ဆလင်နာမည်က မူဆာအာမက်ပါ။ ကျွန်တော်က အောင်မင်္ဂလာရပ်ကွက် ရာအိမ်မှူး တစ်ယောက်ပါ။ ကျွန်တော်တို့ အောင်မင်္ဂလာရပ်ကွက်မှာ တိုင်းရင်းသားနဲ့ ဆက်စပ်နေတဲ့ ရပ်ကွက်ငါးခုရှိပါတယ်။ ကုန်းတန်း၊ ကသစ်၊ ကျောင်းကြီးလမ်း၊ အောင်မင်္ဂလာနဲ့ မောလစ် စတဲ့ ငါးရပ်ကွက်ပါ။ ငါးရပ်ကွက်မှာ အိမ်ထောင်စုက ၇၂၀ ပါ။လူဦးရေက ၄၀၀၀ လောက်ရှိပါတယ်။ ကျွန်တော်က ၂၀၁၀ ကနေ ရာအိမ်မှူးတာဝန်ကို ထမ်းဆောင်နေတာပါ။ ၂၀၁၂ ခုနှစ် ၆ လပိုင်း ပဋိပက္ခကာလမှာ တပ်မတော်နဲ့ ပြည်သူ့ရဲတပ်ဖွဲ့ဝင်တွေက ကျွန်တော်တို့ ရပ်ကွက်ကို ကာကွယ်ပေးခဲ့ပါတယ်။ အချိန်မီ ကာကွယ်ပေးခဲ့လို့ ကျွန်တော်တို့ ရပ်ကွက်တစ်ခုပဲ ဘာမှမဖြစ်ခဲ့ပါဘူး။ ကျွန်တော်တို့ရပ်ကွက်မှာ မီးရှို့မှုဖြစ်မှာစိုးလို့ ပြည်နယ်အစိုးရအဖွဲ့က တပ်မတော်နဲ့ ပူးပေါင်းပြီး ကျွန်တော်တို့ရပ်ကွက်ကို တပ်မတော်၊ ရဲတပ်ဖွဲ့ ပူးပေါင်းအဖွဲ့တွေက ကာကွယ်ပေးခဲ့ပါတယ်။ အသက်အန္တရာယ်ဖြစ်မှာစိုးတဲ့အတွက် အဲဒီအချိန်မှာ လူတစ်စုနဲ့တစ်စု သွေးဆူမှုဖြစ်နေတာမို့ အကာအကွယ်ပေးခဲ့တယ်။ အခုအချိန်ထိ ကျွန်တော်တို့ ရပ်ကွက် ဘာမှမဖြစ်ခဲ့ပါဘူး။ ကျွန်တော်တို့ကို အစိုးရအဖွဲ့က လစဉ်လတိုင်း ဆန်အိတ်ထောက်ပံ့ပေးပါတယ်။ NGO တွေလည်း ခဏခဏကူညီပေးတာတွေ ရှိပါတယ်။ ရပ်ကွက်မှာ အရင်တုန်းက မြို့မဈေးနဲ့ ဆိုင်ခန်းတွေရှိခဲ့ပါတယ်။ ကုန်သည်တွေ၊ ဆေးသုတ်သမားတွေ၊ ပန်းရန်ဆရာ၊ လက်သမားဆရာတွေ၊ ကျပန်း အလုပ်သမားတွေ အကုန်ရှိခဲ့ပါတယ်။ပဋိပက္ခပြီးတဲ့ နောက်ပိုင်းမှာ တစ်ယောက်နဲ့ တစ်ယောက် သဟဇာတမဖြစ်တော့ ရွာထဲမှာပဲနေပြီး ထောက်ပံ့ကြေးနဲ့ စားခဲ့ရပါတယ်။ ၂၀၁၉ ကာလမှာ တစ်ယောက်နဲ့တစ်ယောက် နည်းနည်းပါးပါး သဟဇာတဖြစ်လာတဲ့ နောက်ပိုင်းမှာ တားဆီးထားတဲ့ဂိတ်တွေ ဖြုတ်လိုက်တယ်။ ရဲတပ်ရင်းတွေကလည်း ၂၀၂၀ မှာ တစ်ခါတည်း ရုပ်သိမ်းပြီး ပြန်သွားပါတယ်။ အခုကတော့ ကျွန်တော်တို့ရပ်ကွက်မှာ အပြင်က ဈေးကြီးကို သွားပြီး ဈေးဝယ်လို့ရတယ်။ တချို့ ငါးရောင်းတဲ့ သူတွေကလည်း ဈေးကြီးမှာ သွားပြီး ငါးရောင်းလို့ ရတယ်။ ဘာမှပြဿနာမရှိပါဘူး။

ကျွန်တော်တို့ ရပ်ကွက်မှာလည်း တိုင်းရင်းသားတွေနဲ့ ပူးပေါင်းပြီးတော့ ဆိုင်ခန်းတွေ၊ ဆေးခန်းတွေ ရှိတယ်။ အစိုးရအဖွဲ့က ဖွင့်ပေးထားတဲ့ ဆေးခန်းမှာ ဘာသာပေါင်းစုံလာပြီးတော့ ဆေးကုနေကြတယ်။ တစ်ယောက်နဲ့တစ်ယောက် ဘာပြဿနာမှ မရှိပါဘူး။ အခုကတော့ လွတ်လွတ်လပ်လပ်ပါပဲ။ ကျန်းမာရေး အနေနဲ့ ပဋိပက္ခကာလမှာ လုံခြုံရေးကို ဆေးရုံသွားမယ်ဆိုရင် သတင်းပို့ပြီး ရပ်ကွက်ကတစ်ဆင့် လုံခြုံရေးယူပြီးမှ ဆေးရုံ၊ ဆေးခန်းသွားရတယ်။ အခုကတော့ ဘာမှမလိုဘူး။ ကိုယ့်ဟာကိုယ် ဆေးခန်းသွားလိုက်လို့ရတယ်။ ရပ်ကွက်မှာလည်း သဒ္ဓါ ပုဂ္ဂလိက ဆေးခန်းတစ်ခု ဖွင့်ထားတယ်။ သဒ္ဓါဆေးခန်းမှာ ဆေးကုလို့ရတယ်။ ရပ်ကွက်ထဲမှာ အစိုးရက ဆေးကုပေးတာ တစ်ပတ်ကို နှစ်ကြိမ် ပုံမှန်ရှိပါတယ်။ ကျွန်တော်တို့ ရပ်ကွက်မှာ ပညာသင်တဲ့ကလေးတွေအတွက် အရင်တုန်းက မူလတန်းကျောင်းပဲ ရှိတယ်။ မူလတန်းကနေ အခုက အလယ်တန်းကျောင်းဖြစ်သွားပြီ။ အလယ်တန်းကနေ အထက်တန်းကျောင်းဖြစ်ဖို့အတွက် ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းတစ်ကျောင်း ဆောက်ပေးမယ်လို့ ပြောထားပါတယ်။ ကျွန်တော်တို့က မြေနေရာမပေးနိုင်သေးလို့ပါ။ မြေနေရာပေးလိုက်တာနဲ့ အစိုးရအဖွဲ့က ဆောက်ပေးမှာပါ။ စာမေးပွဲဖြေရင်တော့ သက္ကယ်ပြင်ကျောင်းမှာ သွားဖြေရပါတယ်။



အခု ကျွန်တော်တို့ဘက်မှာ တစ်ခုခု လေလံကျတယ်ဆိုရင် မွတ်ဆလင်လည်း အစိုးရအဖွဲ့ဆီကနေ လေလံသွားဆွဲလို့ရတယ်။ တိုင်းရင်းသားတွေနဲ့ ပူးပေါင်းပြီး လေလံသွားဆွဲကြတာပါ။ ရတဲ့သူရတယ်။ စီးပွားရေးသမား ကုန်သည်တွေကလည်း ရန်ကုန်ကနေ ပစ္စည်းမှာပြီး ရောင်းနေကြတာရှိတယ်။ တချို့သူတွေက တိုင်းရင်းသားတွေအိမ်မှာ ဆေးသုတ်၊ ပန်းရန်၊ လက်သမား အကုန်လုပ်နေကြတယ်။ သဟဇာတဖြစ်နေကြပါပြီ။ အခုက လုံးဝပြဿနာမရှိဘူး။ ဆေးရုံကြီးကိုလည်း ဆေးသွားကုလို့ရတယ်။ ကျွန်တော်တို့ မွတ်ဆလင်လူမျိုးမှာ ဗလီ ငါးကြိမ်တက်ရတယ်။ ငါးကြိမ်လုံး ပုံမှန်တက်နေတာပါ။ သတင်းအဖွဲ့

◎ စာမျက်နှာ ၂၄ မှ

ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှု ကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ ကလေးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့မှ အမျိုးသား(၂၂)ဦးနှင့် အမျိုးသမီးနှစ်ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိ ခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်သူရနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် Type-81 သေနတ် နှစ်လက်၊ ၎င်းကျည်အိမ် လေးခု၊ ကျည် ၁၇ တောင့်၊ M-4 သေနတ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခုနှင့် ကျည် ၁၀ တောင့် တို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ တစ်ဦးလျှင် ကျပ်သိန်း ၂၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၄၈၀ နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်၊ အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

## တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၂**

မန္တလေး၊ အောင်မြေသာစံမြို့နယ် တိုင်းရင်းဆေးတက္ကသိုလ်တွင် ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက (၁၁/၂၀၂၅) TRADITIONAL MEDICINE MEDICAL YEAR 1 ပထမနှစ်သင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်ပွဲ ကျင်းပသည်။



အခမ်းအနားသို့ တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာသိန်းဇော်လင်း၊ တိုင်းရင်းဆေးတက္ကသိုလ်၏ ဂုဏ်ထူးဆောင် ပါမောက္ခများ၊ ဆေးနှင့် ဆေးနှီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တိုင်းရင်းဆေးပညာဆိုင်ရာအကြံပေးအဖွဲ့ နာယက၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (မန္တလေး တိုင်းဒေသကြီး)ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးဆရာမများ၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ ခုတင်(၁၀၀)ဆံ့ သင်ကြားရေး တိုင်းရင်းဆေးရုံအုပ်ကြီး၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံမှူး၊ ဖိတ်ကြားထားသူများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ သစ်လွင်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ်က အမှာစကားနှင့် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယပါမောက္ခချုပ်များက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ မောင်မယ်သစ်လွင်များအား ပါမောက္ခ၊ ဌာနမှူးများ၊ ဌာနတာဝန်ခံများနှင့်မိတ်ဆက်ပေးခြင်း၊ ဒုတိယနှစ်မှ စတုတ္ထနှစ်အထိ အတန်းကိုယ်စားလှယ်များက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ပထမနှစ်သင်တန်း ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခြင်း၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဆုများ ချီးမြှင့်ခြင်း၊ ဂုဏ်ထူးဆောင် ပါမောက္ခဆရာကြီး၊ ဆရာမကြီးများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခြင်း၊ တိုင်းရင်းဆေးတက္ကသိုလ်အတန်းအသီးသီးသို့ ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံမှ လာရောက်သင်ကြားပို့ချသော ဆရာမများအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်ခြင်း၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်းများ ပြုလုပ်ကြသည်။

ဆက်လက်၍ ဒုတိယပိုင်း အစီအစဉ်အနေဖြင့် ကျောင်းသား၊ ကျောင်းသူများက တေးသရုပ်ဖော်များ၊ တိုင်းရင်းသားရိုးရာအကများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် ပထမနှစ်သင်တန်းမှ KING၊ QUEEN၊ PEOPLE CHOICE AWARDS ရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။**(၀၇၀)**

## ပန်းချီဆရာ ထွန်းနိုင်တိုး၏ တစ်ကိုယ်တော်ပန်းချီပြပွဲ ပြုလုပ်မည်

**မန္တလေး ဇန်နဝါရီ ၂၂**

"ဆောင်းမနက်၌ လမ်းလျှောက်ထွက်ခြင်း"အမည်ဖြင့် ပန်းချီဆရာ ထွန်းနိုင်တိုး၏ တစ်ကိုယ်တော်ပန်းချီပြပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီတွင် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၂(A)လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊ အမှတ်(၁၀၈)ရှိ ပရိတ္တဝါ အနုပညာပြခန်း၌ ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

အဆိုပါပန်းချီပြပွဲကို ဇန်နဝါရီ ၂၄ ရက်မှ ၃၀ ရက်အထိ ခုနစ်ရက်တိုင်တိုင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်၍ ပန်းချီအနုပညာချစ်မြတ်နိုးသူများ လာရောက်ကြည့်ရှုနိုင်ပြီး ပန်းချီဆရာ ထွန်းနိုင်တိုးသည် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ပန်းချီအထူးပြုဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပြီး အုပ်စုပြပွဲများစွာတွင် ပါဝင်ပြသခဲ့ရာ တစ်ကိုယ်တော်ပြသမှု ခြောက်ကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

**ကျော်မင်းသော်**




## ချင်းတွင်းမြစ်အနောက်ဘက်ကမ်း တာမောင်ကျေးရွာအနီးတွင် မြစ်ကျော်တာဝါတိုင်များ တည်ဆောက်လျက်ရှိ

**ဟုမ္မလင်း ဇန်နဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့ချင်းတွင်းမြစ်အနောက်ဘက်ကမ်း တာမောင်ကျေးရွာအနီးတွင် ၆၆ ကေဗွီ တာဝါဒီဇိုင်းဖြင့် ၃၃ ကေဗွီ နမ့်ပင-ဟုမ္မလင်း ဓာတ်အားလိုင်း မြစ်ကျော်တာဝါတိုင်များ တည်ဆောက်လျက်ရှိသည်။

ဟုမ္မလင်းမြို့နယ်၊ နားသကျိုက်ကျေးရွာအနီးရှိ နမ့်ပငချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် နမ့်ပင အသေးစားရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက ဟုမ္မလင်းမြို့နှင့် အနီးဝန်းကျင်ရှိ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမည် ဖြစ်သည်။

ချင်းတွင်းမြစ်ကျော်တာဝါတိုင်အမှတ်(၂၉၂) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဟုမ္မလင်းခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြစ်ကျော်တာဝါတိုင် တည်ဆောက်ရေး အင်ဂျင်နီယာက တာဝါတိုင်တည်ဆောက်နေမှုလုပ်ငန်းများအား ရှင်းလင်းတင်ပြရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က "တည်ဆောက်ရေးလုပ်ငန်းတွေကို သတ်မှတ်ကာလမှာ စံချိန်စံညွှန်းမီစွာနဲ့ အရည်အသွေးကောင်းကောင်းမွန်မွန် တည်ဆောက်ပြီးစီးရေးကို တာဝန်ရှိသူများက အလေးထား ဆောင်ရွက်ကြရန် လိုပါတယ်"ဟု မှာကြားကာ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုခဲ့ကြသည်။

ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ မြစ်ကျော်တာဝါတိုင် အမှတ်(၂၉၁)နှင့် အမှတ်(၅၆) တာဝါတိုင်များတည်ဆောက်နေမှုများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုခဲ့ကြပြီး တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဟုမ္မလင်းမြို့၊ ချင်းတွင်းမြစ်ကမ်းဘေးရှိ မြေနုကျွန်းပေါ်တွင် တောင်သူ ၄၅ ဦး စိုက်ပျိုးထားသည့် ဆောင်းမြေပဲ ဇကော့ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ရွက်ဖျန်းမြေသြဇာသုံးစွဲခြင်း ကွင်းသရုပ်ပြသပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒေသခံတောင်သူများနှင့်အတူ ဆောင်းမြေပဲ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ရွက်ဖျန်းမြေသြဇာသုံးစွဲခြင်း ကွင်းသရုပ်ပြသနေမှုများအား စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြပြီး တာဝန်ရှိသူများနှင့်အတူ ဒေသခံတောင်သူများအား မြေပဲမျိုးစေ့များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(၃၉၄)**

## RBF စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် ဇန်နဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့သာကျေးရွာနှင့် အင်းကုန်းကျေးရွာတို့တွင် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားရေးအတွက် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေဖြင့် နွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦးနှင့် ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများ၊ စီမံကိန်းလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့်အတူ မြို့သာကျေးရွာနှင့် အင်းကုန်းကျေးရွာတို့တွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် နွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများအား တွေ့ဆုံ၍(RBF)စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၄၄၅)**



## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး အသိပညာပေး ဆွေးနွေးပွဲ ကျင်းပ

**တောင်တွင်းကြီး ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး အသိပညာပေး ဆွေးနွေးပွဲကို ယမန်နေ့က ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန တောင်ပြင်(၂)မူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေသူမောင်မောင်က အကြမ်းဖက်ခြင်းဆိုသည်မှာ၊ အကြမ်းဖက်ခြင်းအမျိုးအစားများ၊ ကိုယ်ထိလက်ရောက် အကြမ်းဖက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ လိင်မှုဆိုင်ရာ အကြမ်းဖက်ခြင်း၊ စီးပွားရေးဆိုင်ရာ အကြမ်းဖက်ခြင်း၊ အန္တရာယ်ရှိသော မိရိုးဖလာထုံးတမ်းစဉ်လာများ၊အကြမ်းဖက်မှု၏ နောက်ဆက်တွဲ ဆိုးကျိုးများ၊ အကြမ်းဖက်မှုကို ကြိုတင်ကာကွယ်တားဆီးခြင်း၊မြန်မာနိုင်ငံရှိ အမျိုးသမီးများနှင့် သက်ဆိုင်သော ဥပဒေများ၊ ပြစ်မှု၊ ပြစ်ဒဏ်ဆိုင်ရာ ဥပဒေပုဒ်မများ၊ လူကုန်ကူးမှုပြစ်မှု၊ပြစ်ဒဏ်များအကြောင်း အသိပညာပေး ဆွေးနွေးပြောကြားကာ အမျိုးသမီးရေးရာအဖွဲ့မှ ဒုတိယဦးစီးမှူး ဒေါ်ဆုမြတ်မွန်က အမျိုးသမီးများအနေဖြင့် အကြမ်းဖက်မှုခံရပါက ကူညီဆောင်ရွက်ပေးမှုအခြေအနေများ၊ အမျိုးသမီးများ၏ လူနေမှုဘဝမြင့်မားရေးအတွက် ဆောင်ရွက်နေမှုများ၊ အမျိုးသမီးများအနေဖြင့် အကြမ်းဖက်မှုမခံရစေရေးအတွက် ကာကွယ်ရမည့်နည်းလမ်းများ၊ မိမိကိုယ်ကိုကာကွယ်ရမည့်အချက်များကို ဆွေးနွေးပြောကြားခဲ့သည်။



အဆိုပါ အသိပညာပေး ဆွေးနွေးပွဲသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့မအခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**နောင်နောင်(မိဿနိုးမြေ)**

# (၆၇)ကြိမ်မြောက် မန္တလေးမြို့ မဟာမုနိဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်

**ရွှေယုဂန် နန်းညိုမြက**
**စန်းခိုခ လျှံလူ၊**
**ချမ်းဆိုမျှ စံမတူသည်၊**
**သယမ္ဘူ သော်မှ။**
**မီးမယ်ဖျူး ရွှေလက်ကင်သည်၊**
**ရေစက်သွင် အေးတဲ့သည်လ။ ။**
**ဆင်ရာတိမ့် သိမ့်သိမ့်ဖြာသည်၊**
**ချိန့်တာရာ မာဃ၊**
**ငြိမ့်သာယာ တိထိကြွလို့၊**
**သိသိရစက်ခွင်။**
**ထန်းဆော်လေ လဲဝါနငယ်နှင့်**
**ပွဲယာဂ မီးပုံတော်တင်။ ။**
**တွဲတပို့ နွဲ့လို့ဆင်သည်၊**
**သဲရွှေဘွင် တုန်ဆတ်လို့**
**ကုံမှတ်ဖွယ် ရာသီနဂိုရ်၊**
**နှင်းတွဲ့တွဲ့စို----။**
**လင်းတဲ့ပ ညဗဟိုရ်ငယ်၊**
**မြမြကိုယ် အေးပါပေါ့လေး။ ။**

ဖော်ပြပါရာသီဘွဲ့မှာ ကုန်းဘောင်ခေတ် စာဆို စုံနံ့သာမြိုင် တောင်တွင်းဦးကြော့ ရေးဖွဲ့သော တပို့တွဲလဘွဲ့ဖြစ်သည်။ မာဃဆိုသည်မှာ တပို့တွဲလ၏ စန်းယှဉ်နက္ခတ်ဖြစ်ပြီး ယုဂန်တောင်၏ အစွန်းထိပ်စီတွင် ဖြိုးဝေစွာတောက်ပထွန်းလင်းလျက်ရှိပေသည်။ တပို့တွဲလတွင် ညဥ့်အခါ၌ နှင်းကျ၍ ငွေရောင်ရှိသော နှင်းပေါက်တို့သည် ပန်းပွင့်၊ ပန်းဖူး၊ သစ်သီး၊ သစ်ရွက်၊ သစ်ခက်များ၌ စီစီရီရီတွဲခိုနေလေ့ရှိသည်။ တသိမ့်သိမ့်လေးနှင့် တစိမ့်စိမ့်အေးမြသောလရာသီဖြစ်ပြီး ယခုနှစ် မန္တလေးဆောင်းကလည်း ယခင်နှစ်များထက် အအေးပိုနေခဲ့ပါသည်။ တပို့တွဲလ၏ အခြားရာသီဘွဲ့တစ်ခုတွင် ဦးကြော့က-

**ရာသီချိန်ခါရောက်လို့**
**လဲပေါက်ကယ်တဲ့ ပွင့်ညီ။**
**ရွှေပန်းနံ့သာနှင့်**
**ခြောက်ရောင်ဝါ စေတီရင်းမှာ**
**ဆယ်စင်း လက်စုံပူး**
**ဦးမြှောက်လို့ချီ။**
**ငွေနှင်းရယ်စီ**
**သုံးလီသမယ။**
**ရောင်ဖြိုးဝေစွာနှင့်**
**ယုဂန်သာ တောင်တော်စွန်းမှာ**
**'ထွန်းထိန်မာဃ'**။ ဟု ဖွဲ့ဆိုထားသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

'လဲ'ဆိုသည်မှာ လက်ပံပင်ကိုဆိုလိုသည်။ လက်ပံသီးမှ လဲ ဝါဂွမ်းကိုရသဖြင့် လက်ပံပင်ကို လဲပင်ဟုခေါ်ခြင်း ဖြစ်သည်။ တပို့တွဲလတွင် လက်ပံပင်တို့သည် နီနီရဲရဲဖြင့် ပင်လုံးညွှတ်ဝေဝေ ဆာဆာပွင့်ကြပြီး လက်ပံပွင့်ကို တပို့တွဲလ၏ ရာသီပန်းဟု စာဆိုပညာရှိများက အသိအမှတ်ပြုကြသည်။ 'ခြောက်ရောင်ဝါ စေတီရင်းမှာ ဆယ်စင်းလက်စုံပူး'ဟု ဖွဲ့ဆိုထားရှိရာ ဤလ ဤအခါသမယ၌ မြတ်စွာဘုရားရှင်၏ (၁) နီလ = ညိုသော၊ (၂) ပီတ = ရွှေသော၊ (၃) လောဟိတ = နီသော၊ (၄) ဩဒါဒ = ဖြူသော၊ (၅) မဥ္ဇိဋ္ဌ = မောင်းသော၊ (၆) ပဘဿရ = 



ပြိုးပြက်သောရောင်ခြည်တော်ခြောက်သွယ်သည် ထွက်ပေါ်ကွန့်မြူးလေ့ရှိပြီး ရှင်လူအများလက်စုံဖူးမြော်ကြသည်ဟု ဆိုလိုခြင်း ဖြစ်သည်။ ဤသို့သော တပို့တွဲလရာသီတွင် မြန်မာသိ၊ ကမ္ဘာသိ၊ မန္တလေးမြို့၏ မဟာမုနိဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်အား ရှေးနှစ်ပေါင်းများစွာကပင် ကျင်းပပြုလုပ်ခဲ့ကြပါသည်။ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့စည်းမျဉ်း(၁၂)၊ အပိုဒ်(၆၇)တွင် 'ဂေါပကအဖွဲ့သည် နှစ်စဉ် တပို့တွဲလတွင် ဘုရားကြီးပွဲတော်ကျင်းပရသည်။ မဟာမုနိဘုရားကြီးနှင့်စပ်လျဉ်း၍ ရာသီအလိုက်ပြုလုပ်သော အခြားပွဲတော်များကိုလည်း ထိန်းသိမ်းကြပ်မတ်ပေးရမည်'ဟူ၍ ပြဋ္ဌာန်းထားရှိပါသည်။ အကြောင်းမညီညွတ်သဖြင့် လွန်ခဲ့သော နှစ်အတန်ကြာက ဘုရားပွဲတော်အား အကျဉ်းမျှသာ ကျင်းပနိုင်ခဲ့သော်လည်း ယခု ၁၃၈၇ ခုနှစ်၊ မန္တလေးမြို့ မဟာမုနိဘုရားကြီး၏ (၆၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးအား နှစ်စဉ်ကျင်းပမြဲဖြစ်သည့် တပို့တွဲလဆန်း (၁)ရက်၊ (၁၈-၁-၂၀၂၆)ရက်မှ တပို့တွဲလပြည့်ကျော် (၈) ရက်၊ (၉-၂-၂၀၂၆)ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ ပွဲတော်ကာလအတွင်း (၄၈)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဆဋ္ဌမအကြိမ်မြောက် ဓမ္မသဘင်တရားပွဲကျင်းပခြင်း၊ ဘုရားအမှူးပြုသော သံဃာတော်အရှင်သူမြတ်အပါး (၁၁၀၀)အား စာရေးတံမဲနှင့်တကွ (၆၇)ကြိမ်မြောက် ဆွမ်းတော်ကြီးလောင်းလှူခြင်း၊ ဗုဒ္ဓပူဇနိယပွဲတော်ကြီး အောင်ပွဲ အထိမ်းအမှတ်အဖြစ် သံဃာတော်အပါး(၅၅၀)အား (၃၂)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် ဇာတ်ပွဲ၊ ကြည့်ချင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ ထည့်သွင်းကျင်းပသွားမည် ဖြစ်ကြောင်း သိရှိရပါသည်။

ပဋ္ဌာန်း ဘာဏကဆရာတော်ကြီးများထံမှ ဩဝါဒခံယူပြီးနောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းအား (၁၈-၁-၂၀၂၆)ရက်မှ (၂၆-၁-၂၀၂၆)ရက်အထိ (၉)ရက်တိုင်တိုင် မဟာဗုဒ္ဓဝင်ဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ဖွင့်ပွဲ၊ အောင်ပွဲအခမ်းအနားများဖြင့် စနစ်တကျ ကျင်းပပူဇော်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်မှုများကို တွေ့မြင်ရပါသည်။ ပဋ္ဌာန်းရွတ်ဖတ်မည့်သံဃာတော်တို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်နိုင်ရေး ဆွမ်းကုသိုလ်ရှင်အများမှ ပါဝင်စာရင်းပေးကုသိုလ်ယူလှူဒါန်းထားကြသည်ကိုလည်း ကြည်နူးဝမ်းမြောက်ဖွယ် တွေ့မြင်ရပါသည်။ ထို့အပြင် ပဋ္ဌာန်းနှီးဆော်လွှာ၊ လက်ကမ်းစာလွှာများ ဖြန့်ဝေထားရှိပြီး ဆရာတော်ကြီးများ၏ ဩဝါဒ၊ အဆိုအမိန့်၊ ကဗျာ၊ ဆောင်းပါးများပါရှိသော (၄၈)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အထိမ်းအမှတ် စာအုပ်ကိုလည်း ယခင်နှစ်များနည်းတူ ထုတ်ဝေသွားမည် ဖြစ်ပါသည်။

ဆဋ္ဌမအကြိမ်မြောက် ဓမ္မသဘင်တရားပွဲအား (၂၇-၁-၂၀၂၆)ရက်ညမှစတင်ပြီး သုံးညတိုင်တိုင် ညစဉ် (၇)နာရီ၌ ဘုရားကြီးနာရီစင်အနီး နတ်လမ်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ (၂၇-၁-၂၀၂၆)ရက် ပထမညတွင် နိုင်ငံတော်သံဃမဟာနာယက အကျိုးတော်ဆောင် မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ၊ (၂၈-၁-၂၀၂၆)ရက် ဒုတိယညတွင် ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာနန္ဒမာလာဘိဝံသ၊ (၂၉-၁-၂၀၂၆)ရက် တတိယညတွင် သီတဂူဆရာတော် ဘဒ္ဒန္တဒေါက်တာဉာဏိဿရ ဆရာတော်ကြီးများက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ ရပ်ဝေး၊ ရပ်နီးမှ ဓမ္မမိတ်ဆွေသူတော်စင်များ ကြွရောက်တရားနာယူနိုင်မည်ဖြစ်ပါသည်။

ဘုရားပွဲတော်ကာလအတွင်း မဟာမုနိဂေါပက ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာ ခြင်းအလှခတ်ပြိုင်ပွဲအား ဘုရားကြီး ဝါဆိုခြင်းလုံးရုံတွင် နေ့စဉ် နံနက် (၉)နာရီမှ ညနေ(၅)နာရီအထိ ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။ (၆)ပေါက်တန်း၊ (၄)ပေါက်တန်း အမျိုးအစားပြိုင်ပွဲများပါဝင်ပြီး (၆)ပေါက်တန်း ပြိုင်ပွဲတွင် ပထမဆု ဆုဖလားနှင့် ငွေကျပ်သိန်းသုံးဆယ်၊ ဒုတိယဆု ငွေကျပ်သိန်းနှစ်ဆယ်၊ တတိယဆု ငွေကျပ် ၁၀ သိန်း၊ (၄)ပေါက်တန်း ပြိုင်ပွဲတွင် ပထမဆု ဆုဖလားနှင့် ငွေကျပ် တစ်ဆယ့်ငါးသိန်း၊ ဒုတိယဆု ငွေကျပ် ၁၀ သိန်းနှင့် တတိယဆု ငွေကျပ် ငါးသိန်း သတ်မှတ်ထားပြီး ဆုများကို တပို့တွဲလပြည့်နေ့၊ (၁-၂-၂၀၂၆) ရက်တွင် ၄င်းအားကစားရုံ၌ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပါသည်။ ထို့အပြင် ပြိုင်ပွဲဝင်အသင်းတိုင်းကို ငွေကျပ် တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်ပြီး မြန်မာ့ရိုးရာခြင်းလုံးဝါသနာရှင်များ ပါဝင်ဆင်နွှဲကြည့်ရှုအားပေးနိုင်ကြမည် ဖြစ်ပါသည်။

တပို့တွဲလဆန်း (၁၄)ရက်၊ (၃၁-၁-၂၀၂၆) ရက်တွင် မဟာမုနိရုပ်ရှင်တော်ကြီးသို့ ဆွမ်းတော်ပွဲများ လာရောက်ကပ်လှူကြည်ညိုသော အလှူရှင်ပရိသတ်များအား ထမနဲ၊ နှမ်းမနဲအကျွေးအမွေးများဖြင့် ဧည့်ခံသွားမည်ဖြစ်ပြီး ညပိုင်းတွင် မြန်မာ့ရိုးရာတေးဂီတအဖွဲ့၊ စည်တော်ကြီးအကအဖွဲ့တို့မှ ဖျော်ဖြေမှုများပါဝင်မည်ဖြစ်သည်။ တပို့တွဲလပြည့်နေ့၊ (၁-၂-၂၀၂၆)ရက် နံနက်အရုဏ်တွင် ရုပ်ရှင်တော်မြတ်ကြီးအား မျက်နှာတော်သစ်ပူဇော်ပြီးနောက် ရောင်တော်ဖွင့်ခြင်း၊ ဆွမ်းတော်ကြီး ကပ်လှူပူဇော်ခြင်း၊ ရှားသားမီး၊ နံ့သာဖြူ၊ ကရမက်၊ အမွှေးနံ့သာမီးများ ကပ်လှူပူဇော်ခြင်း၊ နံနက် (၆)နာရီအချိန် ဘုရားအမှူးပြုသော သံဃာတော်အပါး (၁၁၀၀)ပါးအား စာရေးတံမဲနှင့်တကွ ဆွမ်းတော်ကြီးလောင်းလှူခြင်း အစီအစဉ်များကို ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ မည်သူမဆို ပါဝင်ကုသိုလ်ယူလှူဒါန်းနိုင်မည် ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော်ကြီး အောင်ပွဲအထိမ်းအမှတ်အဖြစ် သံဃာတော်အရှင်သူမြတ် အပါး (၅၅၀)အား (၃၂)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်ရာ တပို့တွဲလပြည့်ကျော် (၈) ရက်၊ (၉-၂-၂၀၂၆)ရက် နံနက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မန္တလေးမြို့တွင်းရှိ အသင်းအဖွဲ့များ၊ ဈေးချိုတော်နှင့် အနယ်နယ်အရပ်ရပ်မှ ကုသိုလ်ရှင်များ ဘုရားကြီး စောင်းတန်းလေးသွယ်နှင့် မျက်နှာစာတိုက်တန်း အသီးသီးမှ ဆိုင်ခန်းရှင်များ နှစ်စဉ် ပါဝင်လောင်းလှူကြပါသည်။ ယခုနှစ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအတွက် လိုအပ်သောဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်းအစုစုတို့ကိုလည်း ကြိုတင်ဝယ်ယူစုဆောင်းထားရှိကြပြီးဖြစ်ကြောင်း သိရှိရပါသည်။

ဓမ္မသဘင်တရားပွဲများအပြီး (၃၁-၁-၂၀၂၆)ရက် ညမှစ၍ ဘုရားကြီးအရှေ့ (၄၅)တာ ကွင်းအတွင်း ရုံဇာတ်၊ ဗလာဇာတ်ပွဲသဘင်များနှင့် အခြားကြည့်ချင်ပွဲများ၊ ချား၊ ရဟတ်၊ ကလေးကစားကွင်း၊ ပျော်ပွဲရွှင်ပွဲများ ပါဝင်မည် ဖြစ်ပါသည်။ မဟာမုနိဘုရားပွဲတော်ကြီးတွင် အရှေ့(၄၅)တာ၊ အနောက်(၄၅)တာ ကွင်းများ၌ ရှေးယခင်ကာလများထဲက နိုင်ငံကျော်ဇာတ်သဘင်အဖွဲ့ကြီးများ ပါဝင်ကပြအသုံးတော်ခံခဲ့ကြပြီး ကြက်ပျံမကျ စည်ကားခဲ့ရာ ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ်ပင်ဖြစ်ပါသည်။ ယခုနှစ် ဘုရားပွဲတော်ကြီးတွင်လည်း မြန်မာနိုင်ငံအတွင်း ထင်ရှားကျော်ကြားလျက်ရှိသည့် အောင်ဇမ္ဗူ၊ စမ်းရေမိုးစသည့် ဇာတ်သဘင်အဖွဲ့ကြီးများနှင့် မန္တလေးမြို့ခံ ဇာတ်သဘင်အဖွဲ့များ ကပြဖျော်ဖြေမည်ဖြစ်ကြောင်း ကြော်ငြာထားသည်ကို တွေ့မြင်ရပါသည်။

ပွဲတော်ကာလအတွင်း ကူးစက်ရောဂါ မကျရောက်စေရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးအစီအမံများပြီးပြည့်စုံစွာ ဆောင်ရွက်ထားရှိပြီးဖြစ်ရာ အများပြည်သူ ဗုဒ္ဓဘာသာနွယ်ဝင်သူတော်စင်အပေါင်း စိတ်အေးချမ်းမြေ့စွာ ဘုရားဖူးကုသိုလ်ပြုရင်း မဟာမုနိဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်အား နွှဲပျော်နိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ထိန်ထိန်လင်း**

# နိုင်ငံတကာ အားကစား သတင်းများ

## ဘင်ဒေးဗီးစ် ခြေကျင်းဝတ်ကျိုးဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိ

**လန်ဒန် ဇန်နဝါရီ ၂၂**

စပါးအသင်းနောက်ခံကစားသမား ဘင်ဒေးဗီးစ်သည် ခြေကျင်းဝတ်ကျိုးဒဏ်ရာကြောင့် ကာလရှည် အနားယူရဖွယ် ရှိနေသည်။



အဆိုပါ နောက်ခံကစားသမားသည် စပါးအသင်းက ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဘင်ဒေးဗီးစ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် စပါးအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

နောက်ခံကစားသမား ဘင်ဒေးဗီးစ်သည် စပါးအသင်းနှင့်အတူ ၂၀၁၄-၂၀၁၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၆၃ပွဲကစားကာ ၁၀ဂိုး သွင်းယူထားသည်။ (ဝဲပုံ) (NGB)

## 2026 Australian Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ Iga Swiatek တက်ရောက်

**မဲလ်ဘုန်း ဇန်နဝါရီ ၂၂**

ဩစတြေးလျနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော နာမည်ကျော် အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Australian Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ပိုလန်တင်းနစ်မယ် Iga Swiatek တက်ရောက်ခဲ့သည်။

အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် 2026 Australian Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် တရုတ်တင်းနစ်မယ် Yue Yuan ကို ၇-၆၊ ၆-၃ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ (အောက်ပုံ)

2026 Australian Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ပိုလန်တင်းနစ်မယ် Iga Swiatek နှင့် ချက်တင်းနစ်မယ် Marie Bouzkova တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)



## ကလော်ဒီယိုအီချီဗာရီအား အငှားစာချုပ်ဖြင့် ဂျီရိုနာအသင်း ခေါ်ယူ

**မက်ဒရစ် ဇန်နဝါရီ ၂၂**

ဂျီရိုနာအသင်းသည် မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ကလော်ဒီယိုအီချီဗာရီအား ရာသီကုန်အထိ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အသင်းကို များစွာအထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်ခြင်းကြောင့် ဂျီရိုနာအသင်းက အငှားဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဂျီရိုနာအသင်း၏ ထုတ်ပြန်ချက်တွင် "ကလော်ဒီယိုအီချီဗာရီကို အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်းမှာ ကစားသမားသစ်တွေလည်း ထပ်မံခေါ်ယူအားဖြည့်သွားမှာပါ"ဟု ထုတ်ပြန်သည်။ (အောက်ပုံ) (NGB)



## ဗီတာလီဂျန်နယ်လ် ဘရန့်ဖို့ဒ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇန်နဝါရီ ၂၂**

ဘရန့်ဖို့ဒ် အသင်းသည် အသင်းကွင်းလယ်ကစားသမား ဗီတာလီဂျန်နယ်လ်အား ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန် ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ဘရန့်ဖို့ဒ်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၁၆ပွဲကစားပြီး ၁၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ဗီတာလီဂျန်နယ်လ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားမှာပါ"ဟု ပြောသည်။ (အောက်ပုံ) (NGB)



## ကယ်လမ်ဝီလ်ဆင် ဝက်စ်ဟမ်းအသင်းတွင် ဆက်ရှိသွားမည်

**လန်ဒန် ဇန်နဝါရီ ၂၂**

တိုက်စစ်မှူး ကယ်လမ်ဝီလ်ဆင်သည်အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ဝက်စ်ဟမ်းအသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ကယ်လမ်ဝီလ်ဆင်သည် ဝက်စ်ဟမ်းအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၉ပွဲကစားပြီး ငါးဂိုး သွင်းယူထားသည်။ (အောက်ပုံ)

ဝက်စ်ဟမ်းအသင်း၏ ထုတ်ပြန်ချက်တွင် "ကယ်လမ်ဝီလ်ဆင် အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။ (NGB)



## အဲလက်တော့သ်အား ဘုန်းမောက်အသင်း ခေါ်ယူ



**လန်ဒန် ဇန်နဝါရီ ၂၂**

ဘုန်းမောက်အသင်းသည် ဖီရန်ဘားရိုစ် ကွင်းလယ်ကစားသမား အဲလက်တော့သ်အား ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၀ ဒသမ ၄သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ဘုန်းမောက်အသင်းနှင့်အတူ ငါးနှစ်ခွဲသက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား အဲလက်တော့သ်သည် ဖီရန်ဘားရိုစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၅ပွဲကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘုန်းမောက်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၀)နှစ်အရွယ်ရှိ အဲလက်တော့သ်က "ဘုန်းမောက်အသင်းကို ပြောင်းရွှေ့ရောက်ရှိခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ ကျွန်တော့်ရဲ့ အိပ်မက်တွေလည်း ပြီးပြည့်စုံခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ ပွဲထွက်ကစားဖို့ မစောင့်နိုင်လောက်အောင်ပါပဲ"ဟု ပြောသည်။ (ဝဲပုံ) (NGB)

## အလက်ဆန်ဒရိုဘတ်စတိုနီအား ခေါ်ယူရန် လီဗာပူးအသင်းစီစဉ်

**လန်ဒန် ဇန်နဝါရီ ၂၂**

လီဗာပူးအသင်းသည် အင်တာမီလန်အသင်း နောက်ခံကစားသမား အလက်ဆန်ဒရိုဘတ်စတိုနီအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အင်တာမီလန်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ခုနှစ် ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၈၂ ပွဲကစားကာ ခုနစ်ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

အင်တာမီလန်အသင်းကလည်း အလက်ဆန်ဒရိုဘတ်စတိုနီအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ (NGB)

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၂၄-၁-၂၀၂၆<br>နံနက် ၀၂:၃၀နာရီ | (၁၀)ဒါဘီ - ဝက်စ်ဘရွန်း(၁၉)<br>(W,L,L,W,W) (L,L,W,L,L) | ဒါဘီ ၂-၁ ဝက်စ်ဘရွန်း<br>ဝက်စ်ဘရွန်း ၁-၃ ဒါဘီ |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၂၄-၁-၂၀၂၆<br>နံနက် ၀၂:၀၀နာရီ | (၁၈)စိန့်ပေါလီ - ဟမ်းဘတ်(၁၄)<br>(W,D,D,L,L) (W,L,D,L,D) | စိန့်ပေါလီ ၁-၁ ဟမ်းဘတ်<br>ဟမ်းဘတ် ၀-၁ စိန့်ပေါလီ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၂၄-၁-၂၀၂၆<br>နံနက် ၀၂:၃၀နာရီ | (၁၉)လီဗန်တေး - အယ်လ်ချီ(၈)<br>(L,D,W,D,L) (W,L,D,L,D) | လီဗန်တေး ၁-၁ အယ်လ်ချီ<br>အယ်လ်ချီ ၁-၃ လီဗန်တေး |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၂၄-၁-၂၀၂၆<br>နံနက် ၀၂:၁၅နာရီ | (၁)အင်တာမီလန် - ပီဇာ(၁၉)<br>(W,D,W,W,L) (L,D,L,D,D) | အင်တာမီလန် ၆-၃ ပီဇာ<br>ပီဇာ ၀-၁ အင်တာမီလန် |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၂၄-၁-၂၀၂၆<br>နံနက် ၀၂:၃၀နာရီ | (၁၇)အော်ဇေး - ပီအက်စ်ဂျီ(၂)<br>(W,L,L,L,L) (W,W,L,W,L) | အော်ဇေး ၀-၀ ပီအက်စ်ဂျီ<br>ပီအက်စ်ဂျီ ၃-၁ အော်ဇေး |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၄) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၄-၁-၂၀၂၆<br>သောကြာနေ့ | ညနေ၃း၃၀နာရီ | (၇)မဟာ - ISPE(၄)<br>(W,D,L,W,D) (L,W,L,W,D) | မဟာ ၂-၁ ISPE<br>ISPE ၀-၁ မဟာ |
| ။ | ။ | (၂)ရန်ကုန် - ဒဂုံပေါ့(၁၀)<br>(D,D,W,W,W) (L,D,W,D,D) | ရန်ကုန် ၅-၁ ဒဂုံပေါ့<br>ဒဂုံပေါ့ ၁-၆ ရန်ကုန် |
| ၂၄-၁-၂၀၂၆<br>သောကြာနေ့ | ညနေ၄း၀၀နာရီ | (၃)ဒဂုံ - ရှမ်း(၁)<br>(W,D,W,L,W) (W,D,W,D,W) | ဒဂုံ ၀-၀ ရှမ်း<br>ရှမ်း ၂-၁ ဒဂုံ |

# ဝေါလ်စထရိစတော့ရှယ်ယာဈေးကွက် မြင့်တက်လာမှုကို အခြေခံ၍ အာရှဈေးကွက်များ ဇန်နဝါရီ ၂၂ ရက်တွင် ပြန်လည်ဦးမော့လာ




**စင်ကာပူ ဇန်နဝါရီ ၂၂**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ဥရောပနိုင်ငံများအပေါ် ကုန်သွယ်ရေးအခွန်အသစ်များ ကောက်ခံမည့် ခြိမ်းခြောက်မှုများကို ပြန်လည်ရုပ်သိမ်းလိုက်ပြီးနောက် ဝေါလ်စထရိစတော့ရှယ်ယာဈေးကွက် မြင့်တက်လာမှုကို အခြေခံ၍ အာရှဈေးကွက်များသည် ဇန်နဝါရီ ၂၂ ရက်တွင် ပြန်လည်ဦးမော့လာကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ညပိုင်းအရောင်းအဝယ်များတွင် အက်စ်အင်န်ပီ ၅၀၀ ညွှန်းကိန်းသည် ၁ ဒသမ ၁၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး နှစ်လအတွင်း အကြီးမားဆုံးသော တစ်ရက်တာ ရာခိုင်နှုန်းတိုးတက်မှုကို မှတ်တမ်းတင်ခဲ့သည်။

ဒေါ်ဂျုံးစ်စက်မှုကဏ္ဍညွှန်းကိန်းနှင့် နက်စဒက်ညွှန်းကိန်းတို့သည်လည်း အသီးသီးမြင့်တက်ခဲ့ရာ ဒေါ်ဂျုံးစ်ညွှန်းကိန်းသည် ၁ ဒသမ ၂၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး နက်စဒက်ညွှန်းကိန်းသည် ၁ ဒသမ ၁၈ ရာခိုင်နှုန်း အသီးသီး တိုးတက်လာခဲ့သည်။

ဒါးဗို့စ်မြို့၌ ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်နေသော အမေရိကန်သမ္မတက ဖေဖော်ဝါရီ ၁ ရက်တွင် စတင်သက်ရောက်ရန် သတ်မှတ်ထားသည့် ဥရောပ မဟာမိတ်နိုင်ငံများအပေါ် ကောက်ခံမည့် အခွန်များကို ထပ်မံစည်းကြပ်တော့မည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ၎င်း၏ အစောပိုင်းမိန့်ခွန်းတစ်ခုတွင် ဂရင်းလန်ကျွန်းကို အင်အားသုံးသိမ်းယူမည့်အစီအစဉ်မရှိကြောင်း ထည့်သွင်းပြောကြားခဲ့ခြင်းကလည်း ရင်းနှီးမြှုပ်နှံသူများ၏ စိုးရိမ်ပူပန်မှုများကို လျော့ပါးသက်သာစေခဲ့ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ ငြိမ်းချမ်းရေးဘုတ်အဖွဲ့သို့ ဆော်ဒီ၊ တူရကီနှင့် အီဂျစ်အပါအဝင် နိုင်ငံပေါင်း ခုနစ်နိုင်ငံပါဝင်မည်

**ဝါရှင်တန် ဇန်နဝါရီ ၂၂**

ဆော်ဒီအာရေဗျ၊ တူရကီနှင့် အီဂျစ်နိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ခုနစ်နိုင်ငံသည် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ ငြိမ်းချမ်းရေးဘုတ်အဖွဲ့သို့ ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း ပူးတွဲကြေညာချက်တစ်ရပ်အရ သိရသည်။

အဆိုပါ နိုင်ငံများသည် ယခင်ကတည်းက ပါဝင်မည်ဖြစ်ကြောင်း လူသိရှင်ကြား အတည်ပြုထားသည့် အစ္စရေးနိုင်ငံနှင့် အတူ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည်လည်း အဆိုပါအဖွဲ့သို့ ပါဝင်ရန် သဘောတူညီခဲ့ကြောင်း ဗုဒ္ဓဟူးနေ့ညနေပိုင်းတွင် သမ္မတထရမ့်က ပြောကြားခဲ့သော်လည်း ရုရှားသမ္မတကမူ ၎င်း၏ နိုင်ငံအနေဖြင့် ဖိတ်ကြားချက်ကို လေ့လာဆဲအဆင့်မှာပင်ရှိသေးသည်ဟု ဆိုသည်။

အဆိုပါဘုတ်အဖွဲ့ကို မူလက အစ္စရေးနှင့် ဂါဇာရှိ ဟားမတ်စ်အဖွဲ့တို့အကြား နှစ်နှစ်ကြာဖြစ်ပွားနေသည့် စစ်ပွဲကို အဆုံးသတ်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြီးကြပ်ရန် ရည်ရွယ်သည်ဟု ယူဆခဲ့ကြသည်။

သို့သော် အဆိုပြုထားသည့် ဘုတ်အဖွဲ့၏ ပဋိညာဉ်စာတမ်းတွင် ပါလက်စတိုင်းနယ်မြေအကြောင်း ဖော်ပြထားခြင်းမရှိသည့်အပြင် ကုလသမဂ္ဂ၏ လုပ်ငန်း တာဝန်များကို အစားထိုးရန် စီစဉ်ထားပုံရကြောင်း သိရသည်။ **Mon**



## တရုတ်နိုင်ငံ ဆီကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လာဆာမြို့သို့ ယမန်နှစ်က ကမ္ဘာလှည့်ခရီးသွား ၅၀ ဒသမ ၅၁ သန်း လာရောက်ခဲ့

**ပေကျင်း ဇန်နဝါရီ ၂၂**

တရုတ်နိုင်ငံ ဆီကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော်ဖြစ်သော လာဆာမြို့သို့ ၂၀၂၅ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွား ၅၀ ဒသမ ၅၁ သန်း လာရောက်လည်ပတ်ခဲ့ပြီး ယခင်နှစ်ထက် ၁၆ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်လာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဇန်နဝါရီ ဒုတိယပတ်ကကျင်းပခဲ့သော လာဆာမြို့ပြည်သူ့လွှတ်တော်ဆွေးနွေးပွဲ ကြိမ်မြောက်အစည်းအဝေးသို့ တင်သွင်းသည့် အစိုးရအစီရင်ခံစာအရ စုစုပေါင်း ခရီးသွားလုပ်ငန်းဝင်ငွေမှာ ယခင်နှစ်ထက် ၁၄ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာပြီး ယွမ် ၆၀ ဒသမ ၆ ဘီလီယံ(အမေရိကန်ဒေါ်လာ ၈ ဒသမ ၇ ဘီလီယံ)ရရှိခဲ့ခြင်း ဖြစ်သည်။

၂၀၂၅ ခုနှစ်အတွင်း ကျင်းပခဲ့သည့် ထင်ရှားသော အခမ်းအနားများက မြို့၏ဂုဏ်သတင်းကို ပိုမိုမြင့်တက်စေခဲ့သည်။ စီစီတီဗွီ နွေဦးပွဲတော်အစီအစဉ်၏ လာဆာမြို့ ရိုက်ကွင်းမှာ တစ်နိုင်ငံလုံး၏ အာရုံစိုက်မှုကိုရရှိခဲ့သလို မြို့၏ ယဉ်ကျေးမှုခရီးသွားပွဲတော်မှာလည်း ကျယ်ကျယ်ပြန့်ပြန့် ချီးကျူးခံခဲ့ရသည်။

ကုန်းမြင့်တစ်ပိုင်းမာရသွန်ပြိုင်ပွဲနှင့် ဆောင်းရာသီ စနူကာပြိုင်ပွဲများကဲ့သို့ ထင်ရှားသော ပွဲလမ်းသဘင်များသည် ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလုပ်ငန်းပေါင်းစပ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ထူးခြားသောအမှတ်အသားများ ဖြစ်လာခဲ့သည်။

၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ(၁၄)ကြိမ်မြောက် ငါးနှစ်စီမံကိန်းကာလအတွင်း လာဆာမြို့သို့ ခရီးသွားဝင်ရောက်မှုနှင့် ခရီးသွားလုပ်ငန်းမှ သုံးစွဲမှုပမာဏသည် ယခင်စီမံကိန်းကာလ အဆုံးသတ်ချိန်နှင့် နှိုင်းယှဉ်ပါက နှစ်ဆခန့် မြင့်တက်လာခဲ့ကြောင်း သိရသည်။ **Mon**

## ခါရီဝါဇာကီ-ကာရီဝါ နျူမာတ်အားပေးစက်ရုံကို ပထမဆုံးအကြိမ်အဖြစ် ပြန်လည်စတင်လည်ပတ်

**တိုကျို ဇန်နဝါရီ ၂၂**

၂၀၁၁ ခုနှစ် ဖူကူရှီးမား နျူကလီးယား မတော်တဆမှု ဖြစ်ပွားပြီးနောက်ပိုင်း ကမ္ဘာ့အကြီးဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံကို ဇန်နဝါရီ ၂၁ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် ပြန်လည်စတင်လည်ပတ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဂျပန်နိုင်ငံ နီဂါတာစီရင်စုရှိ ခါရီဝါဇာကီ-ကာရီဝါ ဓာတ်အားပေးစက်ရုံကို ဒေသစံတော်ချိန် ည ၇ နာရီ ၂ မိနစ်တွင် စတင်လည်ပတ်ခဲ့ခြင်းဖြစ်ကြောင်း တိုကျိုလျှပ်စစ်စွမ်းအားကုမ္ပဏီ ပြောရေးဆိုခွင့်ရှိသူ တတ်ဆုယာမာတိုဘတ်က အတည်ပြုပြောကြားသည်။

ဒေသခံများအကြား ဘေးကင်းလုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများရှိနေသော်လည်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ထိုစက်ရုံပြန်လည်ပတ်မှုကို ယခင်လတွင် အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

ဂျပန်ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ အဆိုပါစက်ရုံဝင်ပေါက်အနီးတွင် အေးခဲသောရာသီဥတုနှင့် ဆီးနှင်းများကြား၌ပင် ဒေသခံဆန္ဒပြသူအချို့က စက်ရုံပြန်လည်စတင်ခြင်းကို ကန့်ကွက်ဆန္ဒပြခဲ့ကြကြောင်း သိရသည်။ **Mon**

**STOP AIDS**

## နယူးဇီလန်နိုင်ငံ မြောက်ကျွန်းရှိ စခန်းချနေရာတစ်ခုအနီးတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ်များ ရွှေ့ပြောင်းရ

**အော့ကလန် ဇန်နဝါရီ ၂၂**

နယူးဇီလန်နိုင်ငံ မြောက်ကျွန်းရှိ စခန်းချနေရာတစ်ခုအနီးတွင် ဇန်နဝါရီ ၂၂ ရက်က မြေပြိုမှုဖြစ်ပွားပြီးနောက်လူအများအပြားပျောက်ဆုံးလျက်ရှိပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ်များ ရွှေ့ပြောင်းရခြင်း၊ လူသောင်းနှင့်ချီ၍ လျှပ်စစ်မီးပြတ်တောက်ခြင်းနှင့် လမ်းများပိတ်ထားရခြင်းစသည့် ကျယ်ပြန့်သော ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိကြောင်း စီအင်န်အေ သတင်းဌာနကဖော်ပြသည်။

နယူးဇီလန်နိုင်ငံ မြောက်ဘက်ကမ်းရိုးတန်းတစ်လျှောက်ရှိ လူသိများသော ခရီးသွားနေရာတစ်ခုဖြစ်သည့် ဘေးအော့ဖ်ပလန်တီးဒေသ၊ မောင့်မောင်ဂါနွေရှိ စခန်းချနေရာအနီး မြေပြိုမှုဖြစ်ပွားရာသို့ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ သွားရောက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ စခန်းချနေရာရှိ လူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားပြီးဖြစ်သော်လည်း ဧရိယာအတွင်း ကျန်ရှိနေသူများကို ရှာဖွေနိုင်ရန် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက ကြိုးပမ်းဆောင်ရွက်နေကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်ချက်တွင် ပြောကြားထားသည်။

လက်ရှိဆောင်ရွက်နေသည့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အကူအညီပေးနိုင်ရန်အတွက် ရဟတ်ယာဉ်များကိုလည်း စေလွှတ်ထားကြောင်း ဒေသတွင်းသတင်းမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

နိုင်ငံတစ်ဝန်းရှိ အခြေအနေများနှင့် မောင့်မောင်ဂါနွေတွင် ဖြစ်ပွားနေသည့် ကြီးမားသော ဖြစ်ရပ်ကို တက်ကြွစွာ စောင့်ကြည့်လျက်ရှိကြောင်းနှင့် ဆိုးရွားသော ရာသီဥတုကြောင့် မြောက်ကျွန်းတစ်ခွင်တွင် အန္တရာယ်ရှိသော အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေကြောင်း ဝန်ကြီးချုပ် ခရစ္စတိုဖာလူဇွန်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။ **Mon**



## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(နန-၃၂)၊ ဦးပိုင်နံပါတ်(၄၈)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (ပေ ၆၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဒေါ်ခင်မြမြ အမည်ပေါက် ဂရန်မြေကွက်၏မြောက်ဘက်အစွန်ဆုံးအခြမ်း(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စန်းစန်းရွှေ(ဘ)ဦးကျော်(၉/ပကခ(နိုင်)၀၀၂၂၈၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး LL.B, LL.M** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် LL.B, LL.M** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင် LL.M** တရားလွှတ်တော်ရှေ့နေ
**ဦးကြည်ယံ LL.M** အထက်တန်းရှေ့နေ
**ဦးစည်သူအောင် LL.B** အထက်တန်းရှေ့နေ
**ဒေါ်သဲမိုမိုထွန်း LL.B** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၁၆-က/၄)တွင်တည်ရှိသော ဦးပိုင်အမှတ် (၃၄-က+၃၄-ခ)၊ ဧရိယာဧက(၀ ဒသမ ၀၇၇၃ + ၀ ဒသမ ၀၇၀၁)အကျယ်အဝန်းစီရှိ ဂရန်မြေကွက်များ၏နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်ပိုင်မိတ်(၁/မညန(နိုင်)၀၇၃၃၉၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၂၁)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးလှမိုး(ဥပဒေဘွဲ့)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)** တရားလွှတ်တော်ရှေ့နေ

**အမှတ်(ဒ-၁၁/၄၁+၄၄)၊ ၆၃-Aလမ်း၊ ၃၉-Aလမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ 09-2070007၊ 09-792070007 ၊ 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၄)တွင်တည်ရှိသော ဦးပိုင်အမှတ် (၈၂)၊ ဧရိယာဧက(၀ ဒသမ ၀၅၅၁)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ နံကပ်တစ်ထပ် အဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးသိန်းလွင်(၉/မကန(နိုင်)၀၄၀၉၉၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးလှမိုး(ဥပဒေဘွဲ့)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)** တရားလွှတ်တော်ရှေ့နေ

**အမှတ်(ဒ-၁၁/၄၁+၄၄)၊ ၆၃-Aလမ်း၊ ၃၉-Aလမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ 09-2070007၊ 09-792070007 ၊ 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကုန်းတန်းကျေးရွာနေ ဦးကောင်းရဲထွဋ်(ဘ)ဦးမောင်မောင်တင်(၁၁/အမန(နိုင်)၀၇၅၅၀၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကောင်းရဲထွဋ်သည်(၁၃-၁-၂၀၂၆)ရက် ညနေ(၆း၃၀)ခန့်တွင် မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၆၂လမ်း၊ ၁၄၅လမ်းနှင့် ၁၄၆လမ်းကြားသို့ ခေတ္တခဏရောက်နေစဉ် အမည်မသိ လူတစ်စုမှ ၄င်းအားဓားဖြင့်ထောက်ကာ လုယက်မှုများပြုလုပ်သည်ကို ခံခဲ့ရပါသည်။ ထိုသို့ ဓားထောက်၍ လုယက်စဉ် 85-W 79618 အက်ဒီစင် (Adixin Ad x 22) 125 ယာဉ်အမျိုးအစားနှင့် ဦးကောင်းရဲထွဋ် လွယ်ထားသော လွယ်အိတ်အတွင်းမှ iphone 12 Promax ၁လုံး၊ iphone 13 ၁လုံး၊ ပလက်တီနမ်ဆွဲကြိုး ၁ကုံး၊ စိန်နားကပ် ၁ဖက်၊ နိုင်ငံသားစိစစ်ရေးကတ် ၁ခု၊ ပတ်စ်ပို့ ၁ခု၊ ယာဉ်မောင်း လိုင်စင် ၁ခု၊ Air Pods pro ၁ခုတို့အား လုယက်သူများမှ ယူဆောင်သွားပါသည်။

သို့ပါ၍ ဦးကောင်းရဲထွဋ် အမည်ဖြင့် လူမှုကွန်ရက်များဖြစ်သော Facebook, YouTube, Viber, Telegram, Tiktok များပေါ်တွင် ငွေကြေးလိမ်လည်အတုပြုခြင်း၊ ဘဏ်အကောင့်တောင်းခံခြင်း၊ နိုင်ငံရေးကျူးလွန်ခြင်း၊ အယောင်အဆောင် ငွေချေးငှားရမ်းခြင်း စသည်များကို ဦးကောင်းရဲထွဋ်ဓာတ်ပုံပြသ၍ ပြုလုပ်မှုများရှိခဲ့ပါက ဦးကောင်းရဲထွဋ်နှင့်သက်ဆိုင်မှု လုံးဝမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးကောင်းရဲထွဋ်(ဘ)ဦးမောင်မောင်တင်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲသဲမာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၅၉)**
**ကုန်းတန်းရပ်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**
**ဖုန်း ➤ ၀၉-၄၀၂၆၀၈၄၆၃**

## ပျောက်ဆုံးကြောင်း

သံလွင်ငွေး(ဘ)ဦးခင်မောင်ငွေး (၉/ခမစ(နိုင်)၀၅၈၇၇၆)ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း ➤ ၀၉-၄၀၂၆၃၀၃၆၁**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၇၃/၁)၊ ဦးပိုင်အမှတ်(၈၈)၊ ၃၆လမ်းနှင့် ၃၇လမ်းကြား၊ ၅၇လမ်းနှင့် ၅၈လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အေးအေးမြိုင်(၅/အတန(နိုင်)၀၇၀၃၈၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဋ-၂)၊ ဦးပိုင်အမှတ်(၆၆)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ ဦးခင်မောင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဒေါ်ချောစုအောင်(ဘ)ဦးဉာဏ်မြင့်(၅/မမတ(နိုင်)၀၄၅၇၅၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/၂၊ ၃)၊ ၆၉လမ်း။ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား။ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၂)၊ ဦးပိုင်အမှတ်(၁၅)၊ (ပေ ၆၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဦးသံလုံး(ဘ)ဦးသာပေါ(PTI-၀၁၁၀၈၂)အမည်ဖြင့် ချထားရရှိသော မြေကွက်၏မြောက်ဘက်အစွန်ဆုံးခြမ်း(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာနှစ်ထပ်အဆောက်အအုံ၊ လျှပ်စစ်မီတာ၊ အဝီစိတွင်းအပါအဝင် ဝင်းခြံအကာအရံ ပေါက်ရောက်သစ်ပင်တို့၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဦးမောင်မောင်ဝင်း(ဘ)ဦးသောင်းရွှေ(၉/မရတ(နိုင်)၀၄၃၂၆၁)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/၂၊ ၃)၊ ၆၉လမ်း။ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား။ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၆)၊ ဦးပိုင်အမှတ်(၇၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သန်းသန်း(ဘ)ဦးမွတ္တား(၅/စကန(နိုင်)၀၈၆၈၅၄)[၄င်း၏အထူးကိုယ်စားလှယ်လွှဲစာရသူ - ဒေါ်ဆုမြတ်လှိုင်(ဘ)ဦးအောင်ဝင်း(၉/မရတ(နိုင်)၁၁၂၉၄၄)]ထံမှ ကျွန်မ ဒေါ်ရန်ချန့်ပိ(ဘ)ဦးရန်ကြားမိုက်(၁၃/ကခန(နိုင်)၁၀၉၅၅၇)က အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။

အဆိုပါကတိစာချုပ်အရ အထက်ဖော်ပြပါ ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးပါရန် ဤကြေညာချက်စာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်လာရောက်ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်သန်းသန်း(၄င်း၏ အထူးကိုယ်စားလှယ်လွှဲစာရသူ-ဒေါ်ဆုမြတ်လှိုင်)နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရန်ချန့်ပိ(ဘ)ဦးရန်ကြားမိုက် (၁၃/ကခန(နိုင်)၁၀၉၅၅၇)**
**အကွက်အမှတ်(ဗဗ-၆)၊ ဦးပိုင်အမှတ်(၇၂)၊ ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၂၅၆၄၃၁၆၈၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၈)၊ ဦးပိုင်အမှတ်(၅၉)၊ ဧရိယာ(ပေ ၃၀ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း ဧရိယာ(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ ဒေါ်မာမာအေး အမည်ဖြင့်ချထားပေးသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ် အဆောက်အအုံ(ရေ+မီး)အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဒေါ်မာမာအေး(ဘ)ဦးကျော်ရင်(၉/မနတ(နိုင်)၀၃၆၀၀၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးအပ်ပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကျော့ကျော့ခိုင် (LL.B) တရားလွှတ်တော်ရှေ့နေ**
**ဖုန်း ➤ ၀၉-၂၅၆၀၂၆၈၇၆၊ ၀၉-၇၉၈၇၈၃၄၅၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်၊ အကွက်အမှတ်(၈၂၈)၊ ဦးပိုင်အမှတ်(၅၄)၊ ဦးလှငွေ+ဒေါ်အုံးခင် အမည်ပေါက် ဧရိယာ(၀ ဒသမ ၀၂၉၅)ဧက အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံများ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူထံမှ မှတ်ပုံတင်အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်နှင့် အပြန်အလှန်စွန့်လွှတ်စာချုပ်တို့ဖြင့် ဦးစိန်ဝင်းတစ်ဦးတည်း ပိုင်ဆိုင်ပါပြီး ဦးစိန်ဝင်း ကွယ်လွန်သောအခါ ၎င်း၏ တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ခင်မြင့်မေ(၉/မရတ(နိုင်)၀၁၄၆၀၇)မှ ဆက်လက်ပြီး တရားဝင်အမွေဆက်ခံကာ အကြွင်းမဲ့ပိုင်ဆိုင်သည်ဟု အဆိုပြု၍ ရောင်းချရန် ကမ်းလှမ်းမှုအပေါ် ကျွန်ုပ်၏မိတ်ဆွေများမှ ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်အပိုဒ်ပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်မင်း (B.Sc(Chem;), Dip in Business Law, H.G.P)**
**အထက်တန်းရှေ့နေ (စဉ်–၂၀၀၅၁)**
**လမ်း၈၀နှင့် ၄၃လမ်းထောင့်၊ ရုံးအနီး၊ အကွက်(၈၄၂)၊ ချမ်း/မြောက်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ်(၃၂၂/၃၂၃/၃၂၄)၊ ဦးပိုင်အမှတ်(၃၀-စ)၊ ဧရိယာဧက(၀ ဒသမ ၀၂၃၆)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ရှိပြီး အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးဝေယံဖြိုး(၉/အမဇ(နိုင်)၀၇၂၈၁၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၂၁)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

| | |
|---|---|
| **ဦးလှမိုး (ဥပဒေဘွဲ့)** | **ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |

**အမှတ်(ဒ–၁၁/၄၁ + ၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**Ph; 09-2070007, 09-792070007, 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၈)တွင် တည်ရှိသော ဦးပိုင်အမှတ်(၅၁)အတွင်းမှ အနောက်ဘက်ခြမ်း ပေ(၂၀ × ၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ အာရ်စီနှစ်ထပ်ခွဲအဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်ကျော့်မေ(၁၃/တယန(နိုင်)၀၀၃၈၃၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

| | |
|---|---|
| **ဦးလှမိုး (ဥပဒေဘွဲ့)** | **ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |

**အမှတ်(ဒ–၁၁/၄၁ + ၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**Ph; 09-2070007, 09-792070007, 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၅)၊ ဦးပိုင်အမှတ်(၅၁)၊ ဧရိယာ ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ ဦးဝင်းကို အမည်ဖြင့် ချထားပေးသော မြေကွက်အတွင်းမှ အနောက်ဘက်အခြမ်း ဧရိယာ ပေ(၂၀ × ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အဆောက်အအုံ(ရေ+မီး)အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဒေါ်ထွေးကြည်(ဘ) ဦးကျော်သိန်း (၈/နမန(နိုင်)၀၆၆၅၇၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးအပ်ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ကျော့ကျော့နိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း ၀၉–၂၅၆၀၂၆၈၇၆၊ ၀၉–၇၉၈၇၈၃၄၅၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၇)တွင် တည်ရှိသော ဦးပိုင်အမှတ်(၂၉-က)၊ ဧရိယာဧက(၀ ဒသမ ၀၂၇၅) အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးနန်းရအောင်(၈/ရနခ(နိုင်)၀၈၈၃၈၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

| | |
|---|---|
| **ဦးလှမိုး (ဥပဒေဘွဲ့)** | **ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |

**အမှတ်(ဒ–၁၁/၄၁ + ၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ Ph; 09-2070007, 09-792070007, 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၈)တွင် တည်ရှိသော ဦးပိုင်အမှတ်(၈၁)၊ ဧရိယာဧက(၀ ဒသမ ၀၅၅၁) အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးစည်သူစိုး(၉/ခအဇ(နိုင်)၀၁၈၆၈၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

| | |
|---|---|
| **ဦးလှမိုး (ဥပဒေဘွဲ့)** | **ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |

**အမှတ်(ဒ–၁၁/၄၁ + ၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**Ph; 09-2070007, 09-792070007, 09-6850000, 09-43250000, 09-91006474**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ (၄)ခန်းတွဲ (၆)ထပ်၊ အကွက်အမှတ်(မမ-၂၈)တွင် တည်ရှိသော တိုက်အမှတ်(၁)၊ ပဉ္စမထပ်၊ တိုက်ခန်းအမှတ်(၂၁) တိုက်ခန်းသည် ဒေါ်သီသီခိုင် အမည်ပေါက်တိုက်ခန်း ဖြစ်ပါသည်။

အမည်ပေါက်သူ ဒေါ်သီသီခိုင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်၊ ကိုယ်စားလှယ်လွှဲစာအဆက်ဆက်တို့ဖြင့် ဦးမျိုးသန့်၊ ဒေါ်ယဉ်ယဉ်ထိုက်တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ လက်ရှိဝယ်ယူပိုင်ဆိုင်လျက်ရှိသူများဖြစ်ကြသော ဦးမျိုးသန့်၊ ဒေါ်ယဉ်ယဉ်ထိုက်ထံမှ အထက်ဖော်ပြပါ မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ (၄)ခန်းတွဲ (၆)ထပ်၊ အကွက်အမှတ်(မမ-၂၈)တွင် တည်ရှိသော တိုက်အမှတ်(၁)၊ ပဉ္စမထပ်၊ တိုက်ခန်းအမှတ်(၂၁) တိုက်ခန်းအား ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဒေါ်ကြည်ကြည်ဝင်း** | **ဦးထက်နောင်ဦး** | **ဒေါ်ပွင့်ရည်ဦး(ခ)ချောချော** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |

**လမ်း၆၀၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၆၈၅၊ ၀၉–၇၇၄၄၈၁၅၄၉၊ ၀၉–၂၀၂၀၄၇၇၊ ၀၉–၉၄၂၀၂၀၄၇၇**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ဦးကောင်းခန့်ဝင်း(၉/မတရ(နိုင်)၁၈၇၅၂၈)နှင့် ဒေါ်ယမင်းဇော်(၉/မတရ(နိုင်)၁၇၆၅၃၄)တို့သည် လွန်ခဲ့သော (၂၀၂၃)ခုနှစ်က အတူတကွ ပေါင်းသင်းနေလာခဲ့ကြရာ ယခုအချိန်တွင် တစ်ဦးနှင့်တစ်ဦးတို့သည် စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိတော့ကြပါသဖြင့် (၁၁-၁-၂၀၂၆)ရက်နေ့က အသိသက်သေများဖြင့် အီလက်ထရောနစ်စနစ်ဖြင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲကြခြင်းဖြစ်ပါသည်။

ဤကဲ့သို့ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦးသည် စီးပွားရေး၊ လူမှုရေး ကိစ္စအဝဝတို့တွင် မည်သို့မျှ ပတ်သက်ဆက်နွှယ်ကြခြင်း မရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကောင်းခန့်ဝင်းနှင့် ဒေါ်ယမင်းဇော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဟေမာန်ဦး (LL.B) (အထက်တန်းရှေ့နေ)**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ငင-၄)၊ ဦးပိုင်အမှတ်(၄၅-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၅) ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်ကြသော (၁)ဒေါ်ခင်လုံ(ဘ)ဦးအေးမောင် (၅/ငဇန(နိုင်)၀၀၄၅၁၁)၊ (၂)ဒေါ်ခင်ဆုံ(ဘ)ဦးအေးမောင်(၅/ငဇန(နိုင်)၀၀၄၈၁၁)၊(၃)ဒေါ်ခင်ဝင်းစိန်(ဘ)ဦးအေးမောင်(၅/ငဇန (နိုင်)၀၃၇၂၂၃)၊ (၄)ဒေါ်ခင်လှဲဝင်း(ဘ)ဦးအေးမောင်(၅/ငဇန(နိုင်)၀၃၇၂၈၂)နှင့် (၅)ဦးဝင်းသူ(ဘ)ဦးအေးမောင်(၅/ငဇန(နိုင်) ၀၆၇၈၀၀)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူများမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၃)၊ ဦးပိုင်အမှတ်(၁၁၉)၊ ဧရိယာ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးအုန်းမောင်(ဘ)ဦးဘခင်(AE-၂၂၆၆၈၅) အမည်ဖြင့် ချထားပေးသော မြေကွက် ဖြစ်ပါသည်။ အဆိုပါမြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း ဧရိယာ (၃၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်တစ်ခြမ်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသိန်း(ဘ) ဦးဘိုရှင်(TZE-၁၁၀၂၃၀၊ ၉/မရတ(နိုင်)၀၈၅၈၄၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်တစ်ခြမ်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A (Hist), H.G.P | LL.B | B.Sc . PGDL |

**(အထက်တန်းရှေ့နေများ)**
**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၄)၊ ဦးပိုင်နံပါတ်(၈၃)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဒေါ်အမာတင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးမြင့်သိန်း(ဘ)ဦးဘသွင်(၉/မနမ(နိုင်)၀၂၆၃၂၁)နှင့် ဒေါ်အင်ကြင်းဝန်း(ဘ)ဦးစန်းကိုကို(၉/ခမစ(နိုင်)၀၇၀၇၀၅)[၎င်း၏ကိုယ်စား ဦးမောင်ထွန်း(ဘ)ဦးညို(၉/နထက(နိုင်)၁၂၁၆၇၆)]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** **တရားလွှတ်တော်ရှေ့နေ** **ဒေါ်အိအိမွန် (LL.B, LL.M)** **တရားလွှတ်တော်ရှေ့နေ**

| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဋ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၂၀)၊ ဦးပိုင်အမှတ်(၁၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်နွယ်နွယ်ထွန်း(ဘ)ဦးထွန်းရီ (၉/မရတ(နိုင်)၀၄၂၄၈၀) အမည်ပေါက် ဂရန်မြေကွက် ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမျိုးသူရ(ဘ)ဦးကိုကြီး(၉/ခအစ (နိုင်)၀၁၂၀၈၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A (Hist), H.G.P | LL.B | B.Sc . PGDL |

**(အထက်တန်းရှေ့နေများ)**
**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၂၀)၊ ဦးပိုင်နံပါတ်(၆၄)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)၏ အနောက်ဘက်ခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ ဦးထွန်းနိုင်ဝင်း အမည်ဖြင့် မြေနေရာချထားပေးခြင်း ခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သွယ်သွယ်အေး(ဘ)ဦးစိုးလှ(၉/ခမစ(နိုင်)၀၄၃၉၅၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** **တရားလွှတ်တော်ရှေ့နေ** **ဒေါ်အိအိမွန် (LL.B, LL.M)** **တရားလွှတ်တော်ရှေ့နေ**

| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၃၄)၊ ယခင်ဦးပိုင်အမှတ် (၁-င)၊ ယခုဦးပိုင်အမှတ်(၁-က)အတွင်းမှ ခွဲကျန်မြေအစိတ်အပိုင်း တောင်-မြောက် ၁၈ ပေ၊ အရှေ့-အနောက် ပေ ၅၀ အကျယ်အဝန်းရှိ (ဂရန်လျှောက်ထားခွင့်ရှိ မြို့မြေအမျိုးအစား) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ် အဆောက်အအုံ၊ (ရေ+မီး) အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်အရပ်ကတိ စာချုပ်အဆင့်ဆင့်၊ အထွေထွေကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးကျော်မင်းသိန်း(ဘ)ဦးသိန်းမြင့်(၉/မဟမ(နိုင်)၀၀၀၂၈၂) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ -** **ဦးထွန်းနိုင်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
၃၅လမ်းနှင့် ၃၆လမ်းကြား၊ လမ်း၈၀နှင့် ၈၁လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၆၇၄၇၅၆

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၆)၊ ဦးပိုင်အမှတ်(၃၆)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးကျော်စိန် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ (၁)ထပ် အဆောက်အအုံ (ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်၊ ကိုယ်စားလှယ်လွှဲစာ အဆင့်ဆင့်တို့ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်စန္ဒာနွယ်(ဘ)ဦးညိုမှိုင်း(၅/ခတန(နိုင်)၀၁၃၉၇၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား၊ စာချုပ်မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ**
**ဒေါ်စန္ဒီသန့်ဇင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(၅၆-B)လမ်းသွယ်၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၇၈၉၇၈၉၂၄၅၊ ၀၉-၇၇၇၂၂၂၃၅၃**

သတင်းစာတွင် ကြော်ငြာခြင်းဖြင့် သင့် စီးပွားရေးဈေးကွက်ကို မြှင့်တင်ပါ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၄)၊ ဦးပိုင်နံပါတ်(၃၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ ဒေါ်အေးအေး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မင်းဗုမ်ဆု(ဘ) ဦးမင်းကျိန်းဟုန်(၁၃/လရန(နိုင်)၁၇၇၇၉၇) [၎င်း၏ကိုယ်စား တူမဖြစ်သူ ဒေါ်ဝမ်ကိုက်ချင်(ဘ)ဦးဝမ်ကျန်ဖူ(၁၃/လရန(နိုင်)၀၈၅၄၅၉)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** **တရားလွှတ်တော်ရှေ့နေ** **ဒေါ်အိအိမွန် (LL.B, LL.M)** **တရားလွှတ်တော်ရှေ့နေ**

| ဒေါ်ယုသစင်အောင်(LL.M) | ဦးကြည်ယံ (LL.M) | ဦးစည်သူအောင် (LL.B) | ဒေါ်သဲမိုမိုထွန်း (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

❖ ရွေးကောက်ပွဲဘဏ်ယဉ်ကျေးမှုအမွေအနှစ်များကို မိမိတို့အနေဖြင့် ရှေးမူမပျက်စေဘဲ ပြန်လည်ထိန်းသိမ်းဆောင်ရွက်ထားရှိခြင်းသည် အနာဂတ်လူငယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ်များ ပိုမိုထွန်းကားလာအောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်...

❖ ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှေးဟောင်းသမိုင်းဝင် အထင်ကရအမွေအနှစ်များ ဖြစ်သည့်အတွက် စနစ်တကျဖြင့် ပုံစံတကျဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို...

( နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့တွင် ပဲခူးမြို့ကမ္ဘောဇသာဒီရွှေနန်းတော်ကြီး ထိန်းသိမ်းထားရှိမှုအား ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အသိပေးနှိုးဆော်စာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
အသိပေးနှိုးဆော်စာ
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအပိုင်း(၂) အားမြို့နယ်၁၀၀မြို့နယ်၌ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

အထွေထွေရွေးကောက်ပွဲအပိုင်း(၂) တွင် သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေ ၁၀၂ အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက ရွေးကောက်တင်မြှောက်ခံရသူ လွှတ်တော် ကိုယ်စားလှယ်၏အမည်ကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ယင်းမဲဆန္ဒနယ်အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် အမည်စာရင်းတင်သွင်းလွှာ တင်သွင်းခဲ့သည့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ကော်မရှင်က သတ်မှတ်ပေးသည့် ခရိုင်ကော်မရှင်အဖွဲ့ခွဲအသီးသီးတွင် ရွေးကောက်ပွဲ ကုန်ကျစရိတ်စာရင်းကို ပုံစံ(၂၀)ဖြင့် တင်သွင်းကြရမည် ဖြစ်ပါသည်။

ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်များသည် ရွေးကောက်ပွဲ ကုန်ကျစရိတ်စာရင်းကို သတ်မှတ်ရက်အတွင်း မတင်သွင်းပါက သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၀၉ အရ အရည်အချင်းပျက်ယွင်းသူ အဖြစ် သတ်မှတ်ကြေညာခြင်းခံရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော လွှတ်တော် ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ အနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းအား သတ်မှတ်ရက်အတွင်း တင်သွင်းကြရန် နှိုးဆော်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်




## နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး နှစ်ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၂

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နားလည်သဘော ပေါက်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး နှစ်ဦး တို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည်။ (အပေါ်ပုံ)

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့

စာမျက်နှာ ၁၁ သို့ ◌

## သီပေါမြို့နယ်နှင့် မိုင်းရယ်မြို့နယ်တို့အတွင်း မူးယစ်ဆေးဝါးချက်လုပ်သည့် နေရာ ၅ နေရာအား ထပ်မံဖော်ထုတ်သိမ်းဆည်းရမိ

ဇန်နဝါရီ ၁၈ ရက်နေ့ ညနေ ၄ နာရီခန့်တွင် စိန်ကြော့ကျေးရွာ၏ အနောက်တောင်ဘက် ၁၀ ကီလိုမီတာခန့်အကွာ၌ သိမ်းဆည်းရမိခဲ့သည့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် အဆောက်အအုံများ













နေပြည်တော် ဇန်နဝါရီ ၂၂

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေပြီး လူသားမျိုးနွယ်တစ်ခုလုံးကို လူ့ညွှန့်တုံး ပျက်စီးစေသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို နိုင်ငံအတွင်းရှိရနိုင်သမျှသောစွမ်းအားစု၊ အရင်းအမြစ်များ အသုံးပြုပြီး ပြည်သူလူထုနှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍ နိုင်ငံတစ်ဝန်း

စာမျက်နှာ ၁၀ သို့ ❖

## ပရီးမီးယားလိဂ်တွင် ဝင်ငွေအကောင်းဆုံးအသင်းအဖြစ် လီဗာပူးအသင်း ရပ်တည်

လန်ဒန် ဇန်နဝါရီ ၂၂

ပရီးမီးယားလိဂ်တွင် ဝင်ငွေ အကောင်းဆုံးအသင်းအဖြစ် လီဗာပူးအသင်းက စတာလင်ပေါင် ၇၀၂ သန်းဖြင့် ထိပ်ဆုံးနေရာတွင် ရပ်တည်ခဲ့သည်။

ပရီးမီးယားလိဂ်တွင် ဝင်ငွေ အကောင်းဆုံးအသင်းအဖြစ် လီဗာပူးအသင်းက ထိပ်ဆုံးနေရာတွင် ရပ်တည်ပြီး ၎င်းနောက်တွင် မန်စီးတီး၊ အာဆင်နယ်၊ မန်ယူ၊ စပါး၊ ချဲလ်ဆီး စသည့် အသင်းများက အသီးသီး ရပ်တည်လျက်ရှိသည်။

(NGB)